ဘုမ္မာဝတီစာပေ

# မင်းသိင်္ခ

ဆားပုလင်းနှင်းမောင်

နှင့်

# မြှိုင်မဟော

# မမြှလေး



မြှိုင်မဟော မမြှလေး

## ဆားပုလင်းနှင်းမောင်က စိန်ခေါ်ခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန် စီအိုင်ဒီ ခေါ် စုံထောက်ဌာနတွင်းရှိ ကျွန်ုပ်၏ ရုံးခန်း၌ လစဉ်ရေးသားရသော ရီပို့ ခေါ် အစီရင်ခံစာများနှင့် ရီတန်း ခေါ် လချုပ်ပြန်တမ်းများကို တကုပ်ကုပ်နှင့် ရေးသားလျက်ရှိလေ၏။

ထိုအချိန်၌မှာပင် ကျွန်ုပ်နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သော အိုင်ပီ ဦးကိုကိုကြီး ခေါ် လက်ဝါးကိုကိုကြီး ဆိုသူသည် လေကလေး တရွှီရွှီချွန်၍ အခန်းတွင်းသို့ ဝင်လာပြီးလျှင် ကျွန်ုပ်၏ စားပွဲရှေ့ ရှိကုလားထိုင်၌ ဝင်၍ ထိုင်လေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

''ကုသိုလ်ကောင်းတဲ့သူများကတော့ လေကလေး တရွှီရွှီချွန်ပြီး ဟိုအခန်းကူး၊ ဒီအခန်းကူးလုပ်နိုင်တာပေါ့ဗျာ'' ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက

''ကိုယ့်ကုသိုလ်နဲ့ကိုယ်ဖြစ်ရတာ မနာလို မရှိစမ်းပါနဲ့ဗျာ'' ဟု ပြောဆိုကာ တဟဲဟဲ ရယ်လေ၏။

အမှန်စင်စစ် ကျွန်ုပ် ယခုလုပ်နေရသော အစီရင်ခံစာနှင့် လချုပ်ပြန်တမ်းများမှာ ယခင်က ဦးကိုကိုကြီး လုပ်ရသော တာဝန်များဖြစ်၏။ သို့ရာတွင် ပြီးခဲ့သောနှစ်က ဦးကိုကိုကြီးသည် လချုပ် ပြန်တမ်းများကို အမှားမှားအယွင်းယွင်း ပြုလုပ်ခဲ့သောကြောင့် ရန်ကုန် ပုလိပ်မင်းကြီးနှင့် ကျွန်ုပ်တို့ စုံထောက်မင်းကြီးသည် 'ဘောက်ဆင်ပလေး' ရမည်ကဲ့သို့

ဖြစ်သွားခဲ့လေ၏။

ထိုအချိန်မှစ၍ ထိုတာဝန်များကို ဦးကိုကိုကြီးအား မခိုင်းတော့ဘဲ ကျွန်ုပ်ကိုသာ စုံထောက် မင်းကြီးက ခိုင်းတော့၏။ ထိုအချိန်မှစ၍ ဦးကိုကိုကြီးသည် လေးကလေး တန္တီန္တီချွန်၍ သက်သာစွာ နေထိုင်နိုင်သော အခွင့်အရေးကြီးကို ရရှိသွားလေတော့၏။ ကျွန်ုပ်သည် ရေးလက်စ အစီရင်ခံစာ ကို ခေတ္တရပ်နား၍ ဆေးတံကို မီးညှိလိုက်ပြီးလျှင် . . .

''နေစမ်းပါဦး ဦးကိုကိုကြီးရယ်၊ အဲဒီတုန်းက ပြန်တမ်းတွေကို တမင်တကာများ မှားအောင် လုပ်လိုက်တာလားဗျာ'' ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကိုကိုကြီး က . . .

''ဘယ်ကလာ ဟုတ်ရမှာလဲဗျာ၊ ကျုပ်က အဲဒါတွေကို ကိုယ်တိုင်ရေးတာ မဟုတ်ဘူးဗျ၊ ကျုပ်အိမ်နားက မြေတိုင်းစာရေးကလေးကို တလ ခြောက်ကျပ်နဲ့ လခပေးပြီး ခိုင်းထားတာ၊ အဲ့ဒီ ငတိကလေးက လစဉ် ရေးပေးနေတာ၊ ဒီကောင်လေးက သူ့ရဲ့ မြေတိုင်းအလုပ်တွေကလဲ ပင်ပန်း၊ ကျုပ်ဆီက အလုပ်တွေကလဲ များဆိုတော့ အိပ်ရေးပျက်ပြီး ကြောင်တောင်တောင် ဖြစ်နေတဲ့အချိန်မှာ ရေးချင်တာတွေ လျှောက်ရေးထည့်လိုက်တာဗျို့၊ စုံထောက်ဌာနက တလအတွင်း ဖော်ထုတ်ခဲ့သော လူသတ်မှု စုစုပေါင်းဆိုတဲ့ အကွက်မှာ (၁၃၀၀) လို့ ထည့်လိုက်တာဗျ၊ တလအတွင်း ဘယ်လိုလုပ်ပြီး လူသတ်မှု (၁၃၀၀) ရှိမှာလဲဗျာ၊ ပြီးတော့ စုံထောက်ဌာနက တလအတွင်း အသုံးပြုခဲ့သော သေနတ် ကျည်ဆန်ဆိုတဲ့နေရာမှာ (၆၀၀) လို့ ထည့်လိုက်တာဗျ၊ စုံထောက်ဌာနက သေနတ်ဘယ်နှစ်ချက်များ ဖောက်ရဖူးလို့လဲဗျာ'' ဟု ပြောလေ၏။

''ဘယ်လိုဖြစ်ပြီး ဒီလောက် ကွာကုန်တာလဲဗျာ'' ဟု ကျွန်ုပ်က မေးလိုက်လေ၏။

''အဲဒီကောင်လေးက သူ့ရဲ့ မြေတိုင်းဌာနက တိုင်းထွာလို့ရတဲ့ ပေ အရေအတွက်တွေ၊ သံကြိုး အရေအတွက်တွေကို ကျုပ်တို့စုံထောက် ဌာနက ပြန်တမ်းမှာလာပြီး ဖြည့်လိုက်တာဗျို့၊ ကျုပ်ကလဲ သူ့ကို ယုံကြည်ပြီး မစစ်မိဘူးကိုးဗျ။ အဲဒီမှာ ရန်ကုန်ပုလိပ်မင်းကြီး ရုပ်တဲဝပ် နဲ့ ကျုပ်တို့ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်တို့ နပန်းလုံးရမလို ဖြစ် ကုန်တော့တာပဲ၊ ကျုပ်က ကောင်လေး ကို ယုံပြီး မစစ်ဘဲ လက်မှတ်ထိုး တင်လိုက်တယ်၊ မစ္စတာ ကရစ်ပင်ကလဲ ကျုပ်ကိုယုံပြီး မစစ်ဆေး ဘဲ လက်မှတ်ထိုးလိုက်တယ်၊ ရန်ကုန် ပုလိပ်မင်းကြီးကလဲ မစ္စတာ ကရစ် ပင်ကိုယုံပြီး မစစ်ဆေးဘဲ ဟုမ်းကိုပို့လိုက်တယ်၊ အဲဒီမှာ ဟုမ်းက မင်နစ် စတာက ဖတ်ကြည့်ပြီး တစ်လအတွင်း လူသတ်မှု (၁၃၀၀) ထောင့်သုံး ရာဖြစ်နေတယ်ဆိုတာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေပြီလို့ ပြောလိုက်တာ လားလို့ ရန်ကုန်ပုလိပ်မင်းကြီးကို တယ်လီဖုန်းနဲ့ မေးတော့မှ ရန်ကုန် ပုလိပ်မင်းကြီးလဲ ပြန်တမ်းကိုပြန်ပြီး ဖတ်ကြည့်မိတာကိုး၊ အဲဒီမှာ မစ္စတာကရစ်ပင်ကို 'ချဲလင်း' တောင်းတော့တာပဲ၊ မစ္စတာ ကရစ်ပင် ကလဲ ရုပ်တဲဝပ်ကို ပြန်ပြီးဆဲတယ်ဗျ၊ ပြီးတော့မှ သူလဲ ပြန်တမ်းကို ပြန် ပြီးဖတ်ကြည့်တော့ မှားနေတာကို တွေ့ရတယ်၊ အဲဒီမှာ ကျုပ်ကိုကြိမ်း တော့တာပဲ၊ ကျုပ်လဲ ပြန်တမ်းကို ဖတ်ကြည့်ပြီးမှ ကျုပ်ရဲ့ ကောင်လေး ကို ကြိမ်းရတော့တာကိုး၊ အဲဒီမှာ ကောင်လေးက ဘာပြောတယ် မှတ် သလဲ၊ 'ကျွန်တော်က ရုံးပြန်တမ်းတွေဟာ ထုံးစံရှိလို့သာ ရေးနေကြတာ၊ တကယ်တမ်း ဖတ်တယ်လို့ မထင်ဘူး၊ အဲဒါကြောင့် စိတ်ထဲမှာရှိတဲ့ ဂဏန်းတွေရေးထည့်လိုက်တာပါ ဆရာရယ်' တဲ့၊ သေရောဗျာ၊ ကျုပ်လဲ 'အင်ခရီမင်' တနှစ်အဖြတ်ခံရပြီး အဲဒီအလုပ်တွေ ခင်ဗျားဆီ ရောက် သွားတော့တာပဲ၊ အဲဒီတော့ ခင်ဗျားလဲ မလုပ်ချင်ယင် တလအတွင်း လူသတ်မှုပေါင်းဆိုတဲ့အကွက်မှာ (၁၃၀၀) လို့သာ ရေးထည့်လိုက်ဗျာ''

ဟု ဦးကိုကိုကြီးက ပြောလေ၏။

''မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားကသာ ကံကောင်းလို့ အင်ခရီမင်လောက် ရတာ၊ ကျုပ်ဆိုယင် တစ်ခါတည်းတန်းပြီး အလုပ်ပြုတ်သွားလိမ့်မယ် ဗျို့'' ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအချိန်မှာပင် ရုံးမှ မောင်ညိုဆို သော ပြာတာကလေးသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် . . .

''ကဲ . . . ကဲ ဆရာတို့၊ ဆရာတို့ လက်ဖက်ခြောက် တစ်ထုပ်စီသာ ယူသွားကြပေတော့၊ မင်းကြီးကတော့ ဆူနေပြီ'' ဟု ပြောလိုက်သဖြင့် ဦးကိုကိုကြီးက မောင်ညို၏ ခေါင်းကို သူ၏ လက်ဝါးကြီးဖြင့် တအား ပုတ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့သည် စုံထောက် မင်းကြီး မစ္စတာ ကရစ်ပင်၏ ရုံးခန်းအတွင်းသို့ ဝင်ကြလေ၏။ မဝင်မီ၌ ဖိနပ်ကြိုးစည်းခြင်း၊ ခါးပတ် ပြင်၍ ပတ်ခြင်း၊ အင်္ကျီကြယ်သီးများ စုံစေ့ စွာ တပ်ထားခြင်း ရှိမရှိကို စစ်ဆေးခြင်း စသည့် လူကြီး အပြစ်ရှာလွယ် သော အချက်များကို ပိတ်ဆို့ကာကွယ်ကြကုန်၏။ ထို့နောက်မှ အခန်း တွင်းသို့ ဆလံပေး၍ ဝင်ကြကုန်၏။

ထိုသို့ ဝင်လိုက်သည်နှင့် တပြိုင်နက် မင်းကြီး၏ အခန်းထဲတွင် ကျွန်ုပ်တို့ အလျင်ရောက် ရှိနေသော စုံထောက် ကိုအောင်မြင့်၊ စုံထောက် ကိုစိန်လှ၊ စုံထောက် ကိုတင်ဝင်းနှင့် ဘိလပ်ပြန် ဆရာစိန်တို့ကို တန်းစီ လျက်သား တွေ့ရလေတော့၏။ ကျွန်ုပ်တို့သည် ၎င်းတို့နှင့်အတူရော၍ တန်းစီကာ မတ်တပ်ရပ်နေရလေ၏။ ထိုအခါ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်က ကျွန်ုပ်တို့ ရှေ့တွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း . . .

''လူညံ့တွေ၊ အသုံးမကျတဲ့ကောင်တွေ၊ မြည်းသတ္တဝါလို ငိုက်မျဉ်းနေ တဲ့ ကောင်တွေ၊ အခု မင်းတို့အတွက် အလုပ်ပေါ်ပြီ၊ ထောက်ကြန့်

ရာဘာခြံနားမှာ လူသတ်မှု ဖြစ်သွားပြီလို့ ခုပဲ တယ်လီဖုန်း ရတယ်၊ အဲဒီ တရားခံကို မောင်မင်းတို့အထဲက ဖမ်းပေးပါမယ်လို့ အာမခံနိုင်တဲ့လူ ဘယ်နှစ်ယောက် ရှိသလဲ'' ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့အားလုံးသည် ငြိမ်၍ နေကြရလေ၏။ ထိုအခါ မစ္စတာ ကရစ်ပင်က . . .

''လခ အလကားယူနေတဲ့ ကောင်တွေ၊ အဲဒီအမှုကို မင်းတို့ လိုက်ကြပါ၊ တလအတွင်း တရားခံကို မမိရင် အလုပ်ထုတ်ပစ်ပါဆိုတဲ့ အာမခံစာမျိုး ရေးသွားဝံ့တဲ့ စုံထောက် ဘယ်နှစ်ယောက် ရှိသလဲ'' ဟု ပြောလိုက်လေ၏။ ထိုအခါ စုံထောက် ဦးကိုကိုကြီးက ရွှေသွား အောင်မြင့်ဟု ဆိုသော စုံထောက် ကိုအောင်မြင့်အား တိုးတိုးကပ်၍ . . .

''ဒီမှာ ကိုအောင်မြင့်၊ ခင်ဗျား သွားရေးစမ်းပါဗျာ၊ ခင်ဗျားဆိုရင် ဖြစ်လောက်ပါတယ်ဗျ'' ဟု အနီးကပ်၍ ချောက်တွန်းလေတော့၏။ ထိုအခါ ရွှေသွားအောင်မြင့်က . . .

''ခင်ဗျားသွားပြီး ရေးပါလား'' ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ၌ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်က . . .

''မောင်မင်းတို့ လူမျိုးဟာ သတ္တိ လွန်ကောင်းတယ်လို့ ကြားဖူးတယ်၊ စစ်တိုက်ခါနီးမှာ လက်မကို အပ်နဲ့စိုက်တာတောင် တွန့်မသွားတဲ့လူကိုမှ ရွေးပြီးခေါ်တယ်လို့ ကြားဖူးတယ်၊ အခုတော့ ကျုပ်ကြားဖူးတဲ့ဟာနဲ့ မောင်မင်းတို့ သတ္တိဟာ အများကြီး ကွာနေတယ်၊ ကဲ . . . မောင်မင်းတို့ ဘာပြောမလဲ''ဟု ပြောလိုက်စဉ်၌ပင် တက္ကလတ် ဦးထုပ်ဟောင်းတစ်ခုကို ဆောင်း၍ ဗလေဇာကွက်အင်္ကျီဟောင်းတစ်ခုကိုဝတ်ကာ လွယ်အိတ်တလုံးကို လွယ်လျက် လူတစ်ယောက်သည် အခန်းတွင်းသို့ဝင်လာလေ၏။ ထိုသူ့ကို မြင်လျှင် ဦးကိုကိုကြီးက ကျွန်ုပ်အား တံတောင်ဖြင့်

အသာတွက်ရင်း . ..

''ဦးအောင်သင်း၊ ဟိုမှာ . . .ဟိုမှာ၊ ကျုပ်တို့လူကြီး ဆားပုလင်းနှင်းမောင်လေဗျာ၊ ရွှေဘို ဂါတ်ကနေ ဘယ်လို . . . ဘယ်လို ပြန်ရောက်လာတာတုန်း''ဟု ပြောလိုက်သဖြင့် ကျွန်ုပ် လည်း ကြည့်လိုက်ရာကျွန်ုပ်၏ ချစ်လှစွာသော မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ကို တွေ့ရလေတော့၏။

ဆားပုလင်းနှင်းမောင်သည် မစ္စတာ ကရစ်ပင်၏ စားပွဲမှ ကုလားထိုင်ကို ဆွဲယူလိုက်ပြီးလျှင် သူ၏ လွယ်အိတ်ကြီးအား မစ္စတာကရစ်ပင်၏ စားပွဲပေါ်သို့ 'ဝုန်းကနဲ'ပစ်တင်လိုက်လေ၏။ ထို့နောက် ကုတ်အင်္ကျီအတွင်းမှ 'ဂလေစီယာ'ခေါ် ရေခဲတောင်တံဆိပ် စီးကရက်ဗူးကို ထုတ်ယူ ပြီးလျှင် စီးကရက်တလိပ်ကို နှိုက်ယူ၍ နှုတ်ခမ်းဖျား၌ မမိတမိကလေးတေ့ကာ မီးညှိရှိုက်ဖွာ လိုက်လေ၏။ ထို့နောက် မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက်ယင်း လွန်စွာ အချိုးကျသော လေယူလေသိမ်းဖြင့် အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားကို ပြောလိုက်လေ၏။

''ဒီမှာ မစ္စတာကရစ်ပင်၊ ကျုပ်တို့ မြန်မာလူမျိုးတွေဟာ တကယ်ကို သတ္တိရှိတဲ့ လူမျိုးတွေပါ၊ ခင်ဗျားက ခင်ဗျားရဲ့ အောက်လက်ငယ်သားတွေဆိုပြီး နိုင်တက်စီးနင်း ပြောနေတာကိုး၊ ခင်ဗျားပြောတဲ့အမှုကို လိုက်လို့ တစ်လအတွင်းမပေါ်ယင် အလုပ်ထွက်ပါမယ်ဆိုတဲ့ ကတိကို ပေးခိုင်းတယ်၊ ဒီတော့ ခင်ဗျားကို ပြန်ပြီး မေးရဦးမယ်၊ အဲဒီအမှုကို လိုက်လို့ တစ်လအတွင်း တရားခံပေါ်ယင်ရော ခင်ဗျားက အလုပ်ထွက်မလား၊ အဲဒီလို လောင်းမယ်ဆိုယင်တော့ စိန်လိုက်ချင်တယ်ဗျာ''

အထက်ပါအတိုင်းပြောပြီးနောက် ဆားပုလင်းနှင်းမောင်သည်

စီးကရက်ကို နှုတ်ခမ်းဖျား၌ တေ့ကာ မစ္စတာ ကရစ်ပင်၏ မျက်နှာကို မခိုးမခန့်ကြည့်နေပုံမှာ လွန်စွာ အရသာရှိလှတော့၏။ ထိုအခါ ဦးကိုကိုကြီးက ကျွန်ုပ် အနားသို့ ကပ်ကာ . . . .

''ကျုပ်တို့ရဲ့ ဆားပုလင်းနှင်းမောင်ရဲ့ ကွာတဲ့အချက်ဟာ အဲဒီအချက်ဟာ အရေးအကြီးဆုံး ပဲဗျ၊ ကျုပ်တို့က မျက်နှာဖြူအရာရှိကို သိပ်ပြီးကြောက်တယ်၊ သူက လူရာတောင်မသွင်းဘူး၊ အခု မြင်ပြီမဟုတ်လား၊ ပြန်လဲမေးလိုက်ရော မစ္စတာကရစ်ပင် ငြိမ်သွားပြီ မဟုတ်လား၊ သူက ကျုပ်တို့ကိုချည်း အလုပ် ထွက်ခိုင်းနေတယ်၊ သူက အလုပ်ကထွက်ဖို့တော့ မပါဘူး'' ဟု ပြော လိုက်လေ၏။

ထိုအချိန်မှပင် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က . . .

''ဆားပုလင်းနှင်းမောင်၊ ရွှေဘိုဂါတ်မှာ ပို့ထားတာ ဘာဖြစ်လို့ ဒီကို ရောက်လာတာလဲ'' ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က သူ၏ ကုတ်အင်္ကျီ အိတ်အတွင်းမှ သံကြိုးစာတစောင်ကို ထုတ်၍ မခိုးမခန့် အမူအရာဖြင့် ပေးလိုက်လေ၏။ ထိုသို့ ပေးလိုက်ယင်း . . .

''ဟုမ်းက သံကြိုးရိုက်ပြီး စီအိုင်ဒီကို အမြန်ဆုံး သတင်းပို့ဖို့ခေါ်လို့ ကျုပ်ရောက်လာတာပဲ'' ဟု ပြောလိုက်လေ၏။

မစ္စတာကရစ်ပင်လည်း သံကြိုးကို ဖတ်ကြည့်လိုက်ပြီးလျှင် . . .

''ဘာပဲဖြစ်ဖြစ်လေ၊ ဆားပုလင်းနှင်းမောင် ရောက်လာတာ ကျုပ် ဝမ်းသာပါတယ်၊ ကဲ . . . အခု ထောက်ကြန့်ကားလမ်းပေါ်မှာ လူသတ်မှု ဖြစ်နေပြီတဲ့၊ တရားခံ အမြန်ဆုံးပေါ်အောင် ဆားပုလင်းနှင်းမောင်ပဲ တတ်နိုင်မှာပါ''ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် လွယ်အိတ်ကိုကောက်၍ လွယ်

ကာ . . .

''ကျုပ်နဲ့ရော လောင်းကြေး စားကြေး လုပ်ချင်သေးလား''ဟု ဆားပုလင်းနှင်းမောင် က မေးလိုက်ရာ မစ္စတာ ကရစ်ပင်က . . .

''မလောင်းချင်ပါဘူး''ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

''မလောင်းချင်တာလား၊ မလောင်းဝံ့တာလား''ဟု ထပ်၍ မေးလိုက်ရာ မစ္စတာကရစ်ပင်က . . .

''မလောင်းဝံ့တာပါ''ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

''တရားခံကို မကြာခင် ဖမ်းပေးမယ်''ဟု ဆိုကာ ထွက်သွားလေ၏။ ထိုအခါကျမှပင် စုံထောက်ကိုအောင်မြင့်သည် ရှိုးတိုးရှန့်တန့်မရဲတရဲ လေသံဖြင့် . . .

''ကျွန်တော်မျိုးတို့လဲ သခင်ကြီးကို ကတိသာမပေးဝံ့တာပါ၊ တရားခံကိုတော့ မိအောင် ဖမ်းပေးနိုင်ပါတယ်''ဟု ပြောလိုက်လေ၏။ ထို့နောက် စုံထောက်ကိုစိန်လှနှင့် ကိုတင်ဝင်းတို့သည် ထိုအဓိပ္ပာယ်မျိုးပါသော စကားများကို မင်းကြီးအား မျက်နှာချိုသွေး၍ ပြောကြကုန်၏။ ထိုအခါ မင်းကြီးက . . .

''ဂတ်ဒေါက်။ အရူးတွေ၊ အခုမှ အသံထွက်လာတဲ့ ကောင်တွေ''ဟု မောင်းထုတ်လိုက်သည်ဖြစ်ရာ ၎င်းတို့သည် ကျွန်ုပ်တို့ရှေ့မှနားရွက်ကုပ်၍ ထွက်သွားကြကုန်၏။ ထိုအခါ ဦးကိုကိုကြီးက ကျွန်ုပ်အား . . .

''မဖြစ် ညစ်ကျယ်ဆိုတဲ့ စကားဟာ ဒီလိုလူမျိုးတွေအတွက် ထားတာဗျ'' ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့ စုံထောက်များသည် စီအိုင်ဒီမှ ကားများကိုထုတ်၍ အခင်းဖြစ်ပွားရာ ထောက်ကြန့်ရာဘာ

တောအနီးသို့ သွားရန် စီစဥ်ကြကုန်၏။ ကိုစိန်လှတို့လူစုမှာ ကားတစီး ရ၍ ဦးကိုကိုကြီး၊ ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့မှာ ကားတစ်စီးရ ကြကုန်၏။

ကျွန်ုပ်တို့၏ ကားကို ဦးကိုကိုကြီးက မောင်းလေ၏။ တခြားကားတ စီးကို ရွှေသွားကိုအောင်မြင့်ကမောင်းလေ၏။ လမ်းတွင် ရွှေသွားကို အောင်မြင့်က ကျွန်ုပ်တို့ကားအား ကားချင်းလိုက်၍ ပြိုင်ပြန်၏။ ထို့ ကြောင့် ဦးကိုကိုကြီးက . . .

''ခေါင်းချင်းတည်ပေးလိုက်လို့ ရွှေသွားကားတော့ ချောက်ထဲကျ တော့မှာပဲ၊ မဖြစ်သေးဘူး၊ မဖြစ်သေးဘူး၊ မဖြစ်သေးဘူး၊ သူကပြိုင်လို့ ကိုယ်ကမပြိုင်လို့မဖြစ်ဘူး''ဟု ပြောလိုက်လျှက် စက်ရှိန်မြှင့်၍ ပြိုင်လေ တော့၏။ ကားနှစ်ဦးသည် ဘေးချင်းယှဥ်၍ တအားကုန်ပြိုင်လာခဲ့ လေ၏။ သို့ရာတွင် မင်္ဂလာဒုံအလွန်၌ ကျွန်ုပ်တို့ကားသည် ရွှေသွားကို အောင်မြင့်၏ ကားကို အပြတ်အသတ် နိုင်သွားလေတော့၏။ ထို့ကြောင့် ဦးကိုကိုကြီးက . . .

''ဒီမှာ ကိုအောင်မြင့်၊ ငယ်ပါသေးတယ် ငါ့လူရာ''ဟု မခံချင်အောင် အော်ပြော၍ မောင်းခဲ့လေတော့၏။ ထောင့်ကြန့်အနီး ရာဘာတောကြီး ဆီသို့ ရောက်လျှင် ကားလမ်းပေါ်တွင် အော်စတင်ကားလေးတစ်စီး ရပ် ထားသည်ကို တွေ့ရလေ၏။ ပုလိပ်အချို့နှင့် လူအများ ဝိုင်းအုံ ကြည့်ရှု နေသည်ကိုလည်း အဝေးမှ မြင်ကြရလေ၏။ ကျွန်ုပ်တို့ကား အနီးသို့ ရောက်သောအခါ ပုလိပ်များသည် လူများကို ရှင်းလင်းလေ၏။ ထိုအခါ ကျွန်ုပ်တို့လည်း ကားကို ရပ်၍ အော်စတင်ကားလေးဆီသို့ လျှောက်ခဲ့ ကြလေ၏။ ထိုအခါ ရာဇဝတ်အုပ်တဦးက ကျွန်ုပ်အနီးသို ကပ်လာပြီး လျှင် . . .

''အလောင်းလဲ မရှာ့ရသေးဘူး ဆရာ၊ ခြေရာလက်ရာမပျက် ရအောင် ဆရာတို့လာတဲ့ အထိ စောင့်နေတာပါ''ဟု ပြောလိုက်ရာ ဦး ကိုကိုကြီးက ထိုရာဇဝတ်အုပ်အား . . .

''ကျုပ်တို့အတွက်ကတော့ ခြေရာလက်ရာပျက်သည်ဖြစ်စေမ ပျက်သည်ဖြစ်စေ အတူတူပါပဲဗျာ''ဟု ပြောလိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ်က . . .

''ဆရာတို့က လုပ်သက်ရင့်ဆိုတော့ ကျွမ်းနေပြီကိုး''ဟု ချီးမွမ်းလိုက် လေ၏။ သို့ရာတွင် ဦးကိုကိုကြီးက . . .

''ကျွမ်းနေလို့ မဟုတ်ဘူးဗျ၊ ခြေရာလက်ရာ ပျက်ပျက်မပျက်ပျက် ဘာမှမထူးဘူးဆိုတာ ဘာမှမသိလို့ဗျို့''ဟု ပြောလိုက်ရာ ရာဇဝတ်အုပ် သည် နောက်သည်ဟုထင်မှတ်၍ . . .

''ဆရာက တော်တော်ပျော်တတ်တာပဲ''ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့ လည်း ကားအနီးသို့ ချဉ်းကပ်သွားရာ ဒရိုင်ဘာထိုင်သော နေရာတွင် သေဆုံးနေသော အသက် သုံးဆယ်ကျော်အရွယ် ချောမော လှပသည့် မိန်းမတစ်ဦး၏ အလောင်းကိုတွေ့ရလေတော့၏။

၎င်း၏ လည်စလုတ်နေရာတွင် ကြောက်မက်ဖွယ်ရာ အပေါက်ကြီး တစ်ခုကိုလည်း တွေ့ရလေ၏။ ထိုဒဏ်ရာမှာ သေနတ်ဖြင့် ပစ်သွင်း လိုက်သော ဒဏ်ရာကဲ့သို့ လည်စလုပ်အား ဟောင်းလောင်းပေါက်ကြီး ဖြစ်စေလေတော့၏။

ထိုဒဏ်ရာမှ စီးကျသောသွေးတို့သည် ထိုမိန်းကလေး၏ ကိုယ်ပေါ်မှ တဆင့် ကတ္တရာလမ်း ပေါ်သို့တိုင်အောင် စီးဆင်းကျနေသည်ကိုလည်း တွေ့ရလေ၏။

ထိုအချိန်၌မှပင် ရွှေသွားကိုအောင်မြင့်တို့၏ ကားသည်ရောက်ရှိလာပြီး ကိုအောင်မြင့်သည် ကားပေါ်မှ ပြေးဆင်းလာယင်း . ..

''ခြေရာလက်ရာမပျက်စေနဲ့၊ ခြေရာလက်ရာ မပျက်စေနဲ့''ဟု အော်ဟစ်လာရာ ဦးကိုကိုကြီးက . . .

''လူအထင်ကြီးအောင် လုပ်မနေစမ်းပါနဲ့ ငါ့လူရာ၊ ခြေရာလက်ရာမပျက်လဲ ငါ့လူ မဖော်နိုင်ပါဘူး၊ ဒါမျိုးတွေက ရိုးနေပါပြီ''ဟု လှမ်း၍ပြောလိုက်လေ၏။ သို့ရာတွင် ကိုအောင်မြင့်သည် ဦးကိုကိုကြီးစကားကို မကြားချင်ယောင်ပြု၍ ကျွန်ုပ်ကို ကျော်တက်ကာ အော်စတင်မော်တော်ကားတံခါးကို ဆွဲဖွင့်လိုက်လေ၏။ ထိုသို့ ဆွဲဖွင့်လိုက်မှပင် ကား၏ ကြမ်းပြင်ပေါ်မှ သတ်တီးတူးမို့ ခြောက်လုံးပြူး တလက်နှင့် ပြန်ကျဲနေသော ကျည်ဆန်များကို တွေ့ရလေ၏။ ကိုအောင်မြင့်သည် ကျည်ဆန်များကို ကောက်ယူလိုက်၏။

ကျည်ဆန်သည် ခြောက်တောင့်ဖြစ်နေ၏။ လေးတောင့်ကို ကြမ်းပြင်ပေါ်မှရ၍ နှစ်တောင့်ကို မိန်းကလေး၏ ကိုယ်ပေါ်မှ ရလေ၏။ ကိုအောင်မြင့်သည် ကျည်ဆန်များကို ကိုင်ကြည့်ပြီးနောက် . . .

''ဒါ လူသတ်မှု မဟုတ်ဘူးဗျ၊ ဆူဆိုက်လုပ်တာ၊ ကိုယ့်ကိုယ်ကို သေနတ်နဲ့ပစ်သေတာ'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''ဟုတ်မှလဲလုပ်ပါ ရွှေသွားရာ၊ သေနတ်နဲ့ကိုယ့်ကိုကို ပစ်ပြီးသေတဲ့လူတွေအားလုံး ပြောင်း ကိုင်ပြီးပစ်လေ့ရှိပါတယ်ဗျ၊ ခင်ဗျားကျမှပဲ လည်စလုတ်ကိုပစ်ရတယ်လို့၊ ပြီးတော့လဲ စလုတ်ကို သေနတ်နဲ့ ဒီလိုတေ့ပြီးရင် ကျည်ဆန်ဟာ နောက်စေ့ကပဲ ထွက်သွားဖို့ ရှိတော့တယ်ဗျ၊ ဟုတ် မဟုတ် အလောင်းရဲ့ နောက်စေ့ကို ကြည့်စမ်းပါဦး''ဟု ပြော

လိုက်ရာ ကိုအောင်မြင့်သည် အလောင်း၏ ဦးခေါင်းကို မ,ကြည့်ကြည့်လိုက်ရာ မည်သည့်ဒဏ်ရာမှ မတွေ့ရသောကြောင့် . . .

''ဆူဆိုက်လုပ်တာ မဟုတ်ဘူးဗျို့၊ သေနတ်နဲ့ပစ်တာလဲ မဟုတ်ဘူး၊ ချွန်ထက်တဲ့ အရာနဲ့ ထိုးသတ်သွားတာ၊ ကားလမ်းခါးပြတွေရဲ့ လက်ချက်နေမှာပါဗျာ''ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''ထားလိုက်ပါတော့ ကိုအောင်မြင့်ရယ်၊ ကားလမ်းခါးပြလက်ချက်ပဲ ထားလိုက်ပါတော့၊ သေနတ်က ဘယ်သူ့ သေနတ်လဲ''ဟု မေးလိုက်လေ၏။

''သေနတ်က ခါးပြတွေရဲ့ သေနတ်ပေါ့ဗျ''ဟု ကိုအောင်မြင့်က ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''ခါးပြတွေက မိန်းကလေးကို ချွန်ထက်တဲ့ အရာဝတ္ထုနဲ့ ထိုးသတ်သွားပြီး သေနတ်ကိုတော့ ဒီအလောင်းဘေးမှာ ထားသွားတယ် ဟုတ်လား၊ ပုလိပ်တွေ လိုက်ရလွယ်အောင်ပေါ့နော်၊ ဟဲ . .. ဟဲ''ဟု ခပ်လှောင်လှောင် ပြောလိုက်လေ၏။ ထိုအခါကျမှပင် ကိုအောင်မြင့်က . . .

''ခါးပြတွေရဲ့ သေနတ်မဟုတ်ဘူးဗျို့၊ ကျုပ် မှားသွားတယ်၊ သေနတ်က ဒီမိန်းကလေး သေနတ်ပဲဗျ'' ဟု ဆိုကာ သေနတ်၏ ဆုံလည်ကို ကြည့်လိုက်ရာ သေနတ်၏ ဆုံလည်၌ ကျည်ဆန် တထောင့်မျှ မရှိသည်ကို တွေ့ရလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''ဟုတ်မှ လုပ်ပါ ရွှေသွားရယ်၊ ဒီမိန်းကလေးလဲ ခါးပြနဲ့တွေ့တဲ့အခါမှာ သေနတ်ထဲမှာ ကျည်ဆန်မထည့်ပဲ ကျည်ဆန်တွေကို ကားပေါ်မှာ ကျဲချထားသကဲ့သို့ ငါ့လူရာ၊ အံ့ရော . . . အံ့ရော၊ ကျုပ်ဖြင့် တခါ မကြားဖူးဘူး၊ ကိုရွှေသွားတို့ စဉ်းစားပုံများ တော်ပါပေဗျာ၊ ဟဲ . . . ဟဲ . . . ဟဲ .

. ." ဟု ခပ်လှောင်လှောင်လေး ပြောလိုက်၏။ ထိုအချိန်၌ ကိုစိန်လှနှင့် ကိုတင်ဝင်းတို့သည် အလောင်းအနီး၌ အမျိုးသမီးကိုင် လက်ပွေ့အိတ် တလုံးကို တွေ့သဖြင့် ကောက်ယူကာ ဖွင့်နေ ကြပြီဖြစ်၏။ ထိုသို့ဖွင့် လိုက်ရာ အတွင်းမှ ငွေသုံးရာခန့်၊ အကြွေ အနည်းငယ်နှင့် ချက်လက်မှတ် စာအုပ်တအုပ်အပြင် နှုတ်ခမ်းနီ၊ ရေမွှေးပုလင်း၊ ပေါင်ဒါရိုက်သော ပတ်(စ်) စသည့် မိန်းမ အသုံး အဆောင်ပစ္စည်းများနှ င့်အတူ ပဝါအနီကလေး တထည်ကိုပါ ရရှိလေ၏။

စုံထောက် ကိုတင်ဝင်းဆိုသူသည် ထိုပဝါအနီကလေးကို ကောက်ယူ ပြီးနောက် ဖြည်ကြည့်လိုက်ပြီးလျှင် . . .

"ခင်ဗျားတို့အားလုံး မျက်စိလျှမ်းနေကြတယ်၊ ဒီအမှုဟာ ကြံစည်ပြီး သတ်တဲ့ လူသတ်မှုဗျ၊ ကျုပ်အားလုံး စဉ်းစားထားပြီးပြီ" ဟု ပြောလိုက် လျှင် ဦးကိုကိုကြီး က . . .

"လာပြန်ပြီ တယောက်၊ ကြားပါရစေခင်ဗျာ၊ ဘယ်လိုကြံစည်ပြီး ဘယ်လိုသတ်တာတုန်း၊ အမိန့်ရှိပါခင်ဗျာ" ဟု ပြောလိုက်ရာ စုံထောက် ကိုတင်ဝင်းက ထိုပဝါလေးကို ကျွန်ုပ်တို့ဘက်သို့ လှည့်ပြလိုက်လေ၏။ ထိုသို့လှည့်ပြလိုက်ရာ အနီရောင်ပဝါလေးပေါ်တွင် ရွှေရောင်အပ်ချည်ဖြ င့် ရေးထိုးထားသော အောက်ပါစာတန်းကို တွေ့ရလေတော့၏။

**အလှည့်ကျတော့ မနွဲ့ကြံစတမ်း**
**သေပေတော့**

ကျွန်ုပ်သည် ထိုပုဝါလေးကို တောင်းယူကြည့်ရှုလိုက်ရာ ထူးဆန်းသော လျှော်တမျိုးဖြင့် ရက်လုပ်ထားပြီး ရွှေရောင်စာတမ်းမှာ လည်း ရွှေရောင်လျှော်တမျိုးဖြင့် ရေးထိုးထားသည်ကို တွေ့ရလေ၏။

ဘိလပ်ပြန် ဆရာစိန်မှာမူ မော်တော်ကား နံပါတ်များကို မှတ်စုစာအုပ်ထဲ၌ မှတ်၏။ ကားအရောင် စသည်လည်း အတိအကျ မှတ်၏။ ပြီးလျှင် မလိုအပ်ပါပဲလျက် ကားနှင့် ကားလမ်းအစပ် မည်မျှဝေးသည်ကို ပေကြိုးဖြင့် တိုင်း၍ မှတ်၏။

ထိုသို့ တစ်ယောက်တစ်ပေါက် အလုပ်လုပ်နေကြစဉ် ဆားပုလင်းနှင်းမောင်သည် တစုံတရာ ဝင်၍ ပြောဆိုခြင်းမပြုပဲ မိန်းကလေး၏ လက်ကို အသာအယာ မ,၍ လက်သူကြွယ်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်ကို ဖြုတ်ယူလိုက်လေ၏။ လည်ပင်းတွင် ဆွဲထားသော အမ်စီကြိုးကလေးကိုလည်း ဖြုတ်လိုက်လေ၏။ ထို့နောက် နားတွင် ပန်ထားသော နားကပ်ကိုလည်း ဖြုတ်ပြီးလျှင် ပြုံးလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်ဘက်သို့ လှည့်ကာ . . .

''နားမှာ နားပေါက်မရှိဘူးဗျ၊ အင်္ဂလိပ်မတွေ ပန်တဲ့နားကပ်လို နားကို လစ်ကလေးနဲ့ ပန်လို့ ရအောင် လုပ်ထားတဲ့ နားကပ်မျိုးဗျ'' ဟု ပြော၍ ထိုပစ္စည်းများကို ဦးကိုကိုကြီး လက်သို့ ပေးလိုက် ပြီးလျှင် . . .

''ဦးကိုကိုကြီးရေ၊ ရာဇဝတ်အုပ်ကြီးကို စာရင်းနဲ့လုပ်ပြီး အပ်လိုက်ပါဗျာ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် ဦးကိုကိုကြီးက ရာဇဝတ်အုပ်ကြီးဘက်သို့ လှည့်ပြီးလျှင် . . .

''တစ်ဝက်ကြေး ရရင်တော့ ပစ္စည်းတစ်ခုနှစ်ခုလောက် စာရင်းမှာ ချန်ပေးလိုက်နိုင်ပါတယ်'' ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်ကြီးသည် အကြီးအကျယ် မျက်နှာပျက်သွားလေတော့၏။

ထို့နောက်မှ . . .

''မနောက်ပါနဲ့ ဆရာရယ်၊ ပယ်ဗလစ်က (လူထု) ယုန်ထင်ကြောင်ထင် ထင်သွားပါဦး မယ်'' ဟု ပြောလိုက်လေ၏။

''ပက်ဗလစ် အထင်လွဲမှာ စိုးလို့လား၊ အဲဒီအတွက် မစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်တို့ ပုလိပ်တွေ ဒီလို မလုပ်တတ်ဘူးဆိုတာ ပတ်ဗလစ်က သိပါတယ်၊ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . . '' ဟု ဦးကိုကိုကြီးက ပြန်၍ ပြောလိုက်ရာ အနီးအနားရှိ လူများသည် ပြုံးစိပြုံးစိ ဖြစ်သွားလေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ကိုအောင်မြင့်ထံမှ သေနတ်ကို တောင်းယူကြည့်ရှု ၏။ ကျည်ဆန်များကိုလည်း တောင်းယူကြည့်ရှု၏။ ထို့နောက် သေနတ်နှင့် ကျည်ဆန်ကို သိမ်းယူသော စာတစောင်ကို ရေး၍ ရာဇဝတ်အုပ်ကြီးအား ထိုစာကိုပေးပြီး သေနတ်နှင့် ကျည်ဆန်ကို ၎င်း၏ အိတ်အတွင်းသို့ ထည့်လိုက်လေ၏။ ပြီးလျှင် ပဝါအနီကလေးကိုလည်း သိမ်းဆည်းလိုက်လေ၏။ ထို့နောက် သေဆုံးသူမိန်းကလေး၏ ပိုက်ဆံအိတ်အတွင်း၌ တွေ့ရသော ပေါင်ဒါပတ်ကို ထုတ်ယူ၍ နမ်းရှုကြည့်လေ၏။ ထို့နောက် ပတ်ကို ပြန်ထားလိုက်၏။ ပြီးလျှင် ဆားပုလင်းနှင်းမောင်သည် မိန်းကလေး၏ ပိုက်ဆံအိတ်အတွင်းမှ တွေ့ရသော ချက်စာအုပ်ကိုယူ၍ ကြည့်ပြီး နောက် ကျွန်ုပ်ဘက်သို့လှည့်၍ ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ၎င်းပေးသော ချက်စာအုပ်ကိုယူ၍ ကြည့်ရာ ဖြတ်ပိုင်းများတွင် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေ၏။

**မြိုင်ဆီစက်**
**ပဲခူးမြို့**

ထို့ကြောင့် ကျွန်ုပ်က . . .

''ဒီ မိန်းကလေးက ပဲခူးကပဲ'' ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

''တော်ပါပေ့ဗျာ၊ တော်ပ့ါ၊ တော်ပ့ါ၊ အိုင်ပီအောင်သင်းတို့လဲ ဒါကြော

င့် နာမည်ကြီးပေတာ ကိုး'' ဟု လှောင်ပြောင်လေတော့၏။ ထိုအခါကျမှ ပင် ကိုအောင်မြင့်နှင့် ကိုစိန်လှတို့သည် ဦးကိုကိုကြီး၏ လှောင်ပြောင်မှု ကြောင့် မည်မျှအခံရခက်မည်ကို ကျွန်ုပ်လည်း စာနာမိတော့လေ၏။

ဆားပုလင်းနှင်းမောင်သည် ရာဇဝတ်အုပ်ဘက်သို့ လှည့်ကာ . . .

''ကျုပ်အဖို့တော့ ကြည့်ဖို့ရှုဖို့တော့ ကုန်ပါပြီ၊ ခင်ဗျားအနေနဲ့ ပဲခူး မြို့င် ဆီစက်ကို အကြောင်း ကြားဖို့ပါပဲ၊ ပြီးတော့လဲ အလောင်းကို ဆေးရုံကြီးကို ပို့လိုက်ပါတော့၊ ဒါပေမယ့် ဟိုဆရာတွေ ကြည့်ပြီးမှ ပို့ နော်၊ ကျုပ်တော့ သွားပြီ'' ဟု ပြောလိုက်လေ၏။ ထိုအခါ ရွှေသွား အောင်မြင့်က . . .

''ကျုပ်တို့ကတော့ မသွားသေးဘူးဗျို့၊ သဲလွန်စဆိုတာ ရှာနိုင်လေ အကျိုးရှိလေပဲ မဟုတ်လား ကိုနှင်းမောင်ရဲ့'' ဟု ပြောလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်နှင့် ဦးကိုကိုကြီးအား

''သွားကြစို့ဗျာ'' ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း ကားပေါ်တက်ကြ လေ၏။ ထို့နောက် ဦးကိုကိုကြီးက ကျွန်ုပ်အား . . .

''အပြန်လမ်းကိုတော့ ခင်ဗျား ကားမောင်းဗျာ'' ဟု ပြောသဖြင့် ကျွန်ုပ်က ကားမောင်းရလေ ၏။ ကျွန်ုပ်သည် ကားမောင်းရင်း ကိုနှင်း မောင်ထံမှ တစုံတရာသော စကားကို မျှော်လင့်လာမိ၏။ သို့ရာတွင် ကို နှင်းမောင်သည် မည်သည့်စကားကိုမှ မပြောဘဲ ၎င်း၏ လွယ်အိတ်တွင် ပါလာသည့် အင်္ဂလိပ်စာအုပ်တအုပ်ကို ထုတ်ကာ သဲသဲမဲမဲ ဖတ်ရှုရင်း လိုက်ပါလာလေ၏။ ထိုသို့ လိုက်ပါလာခဲ့ရာ မင်္ဂလာဒုံစစ်တပ်ကျော်လျှင် ဆားပုလင်းနှင်းမောင်က . . .

''ဒီလူကြီးတွေလဲ သူတို့နည်း သူတို့ဟန်နဲ့ ပေါက်ကုန်တာပဲ၊ ဧရာမ

လူကြီးတွေဗျ''

''အိုင်ဆေး ကိုနှင်းမောင် ဘယ်လူကြီးတွေ ပေါက်ကုန်တာလဲ၊ ဘယ်နားမှာ ပေါက်ကုန်တာတုန်း၊ ခုနက မိန်းကလေးလို လည်ပင်းမှာ အပေါက်ကြီးတွေ ပေါက်ကုန်တာလား'' ဟု အထိတ်တလန့် မေးလိုက်လေ၏။ ထိုအခါ ကိုနှင်းမောင်က . . .

''မဟုတ်ပါဘူးဗျာ ကျုပ်ပြောတဲ့ 'ပေါက်တယ်' ဆိုတဲ့ စကားလုံးက အပေါက်ကြီး ဖြစ်သွားတာကို ပြောတာ မဟုတ်ဘူး၊ လောကရဲ့ သဘောကို ပေါက်သွားတာ ပြောတာ၊ ဟောဒီမှာကြည့် ကျုပ်ဖတ်ပြမယ်'' ဟု ဆိုကာ အောက်ပါ အင်္ဂလိပ်စာပိုဒ်ကို ဖတ်ပြလိုက်လေတော့၏။

Here is the secret of my conduct toward you.
There is neither happiness nor unhappiness in the world;
There is only the comparison of one state is capable of
feeling ultimate bliss.

''ဟောဒါ ငါ့ရဲ့ လျှို့ဝှက်အယူအဆတစ်ခုပဲ၊ အမှန်စင်စစ် ဒီလောကကြီးမှာ 'သုခ'၊ 'ဒုက္ခ' ဆိုတဲ့ တရားတွေဟာ တကယ်မရှိဘူး၊ နှိုင်းယှဥ်ခြင်း သဘောနဲ့သာလျှင် ရှိနေခြင်းအရာတွေ ဖြစ်တယ်၊ လူဟာလဲ ပယ်ပယ်နယ်နယ် 'ဒုက္ခ' ရောက်ဖူးမှသာလျှင် 'ချမ်းသာ သုခ' ကို ခံစားရတဲ့ အခါမှာ ပြည့်ပြည့်ဝဝ ခံစားတတ်ပေလိမ့်မယ် . . . တဲ့''

အဲဒီစာကိုရေးတာဟာ 'အက်မွန်စန္ဒီ' တဲ့ ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''အဲဒီစာသားနဲ့ အဲဒီ အက်မွန်စန္ဒီဆိုတာကို ကျုပ်ကြားဖူးသလိုလိုပဲဗျ'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

''အက်မွန်စန္ဒီဆိုတာ ကောင့်အော့ မွန်တီခရစ္စတို ဝတ္ထုထဲက ဇာတ်

လိုက်မင်းသား နာမည် လေဗျာ၊ ဒီစာကို ကြည့်ခြင်းအားဖြင့် အဲဒီဝတ္ထုကို ရေးတဲ့ အလက်ဇန္ဒားကျူးများဆိုတဲ့ စာရေး ဆရာကြီးဟာ လောကကြီး ရဲ့ အချင်းအရာကို ကောင်းကောင်း သဘောပေါက်နေတယ်ဆိုတာ ထင်ရှားပါတယ်၊ တကယ့် ပုဂ္ဂိုလ်ကျော်ကြီးတွေဗျ၊ စာရေးဆရာဆိုပေမယ့် သူလို ငါလို စာရေး ဆရာမျိုးထဲက မဟုတ်ဘူး၊ လောကကြီးကို အကျအန သဘောပေါက်ထားတဲ့ စာရေးဆရာကြီး တွေပဲဗျ၊ ဖောင်တိန်နဲ့ စာရွက်ပေါ်လို့ ရေးတဲ့ စာရေးဆရာမျိုးတွေ မဟုတ်ဘူး'' ဟု ပြောလိုက်လေ ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ဦးကိုကိုကြီးအား ထိုဝတ္ထုစာအုပ်ကို လှမ်း၍ ပေးလိုက် လေ၏။

''တခေါက်လောက် ပြန်ဖတ်ချင် ဖတ်လိုက်ဦး'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်၏။ ဦးကိုကိုကြီးသည် စာအုပ်ကို လှန်၍ ဖတ်နေလေ၏။ ကျွန်ုပ်လည်း ကားကို ဂရုစိုက်၍ မောင်းခဲ့လေ ၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း လိုက်ပါလာခဲ့လေ၏။

မရမ်းကုန်းဆီသို့ ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က . . .

''ပိုးစိုးပက်စက် ဒုက္ခရောက်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ စဉ်းစားကြည့်လေ ဖြစ်နိုင်ဖို့ ခက်လေပဲ'' ဟု ပြောလိုက်ရာ ကျွန်ုပ်က . . .

''စောစောက ခင်ဗျားဝတ္ထုက မဆုံးသေးဖူးလား'' ဟု မေးလိုက်လေ၏။

'' အခု ကျုပ်ပြောနေတာ ဝတ္ထု မဟုတ်ဘူးဗျ၊ ထောက်ကြန့်မှာ အသတ်ခံရတဲ့ မိန်းမကို ပြောနေတာ၊ ကားမောင်းလာတဲ့ လူကို သတ်ဖို့ဆိုတာ ပထမကားကို ရပ်ခိုင်းရဦးမယ်၊ ပြီးတော့ သူ့မှာ သေနတ်ပါသေး

တယ်ဗျ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

''သေနတ်က အဲဒီမိန်းမရဲ့ သေနတ်လား'' ဟု ကျွန်ုပ်က မေးလိုက်လေ၏။

''ဟုတ်တယ်ဗျ၊ သူ့သေနတ်ဆိုတာ သေချာပါတယ်၊ ပြီးတော့ သူ့လက်ပွေ့အိတ်ထဲမှာ အမြဲတမ်း ထည့်ထားတဲ့ သေနတ်ဗျ၊ အဲဒီကို ဘာကြောင့်ပြောနိုင်သလဲဆိုတော့ သူ့လက်ပွေ့ အိတ်ထဲမှာ တွေ့ရတဲ့ ပေါင်ဒါရိုက်တဲ့ ပတ် (စ်) လေးရဲ့အနံ့ဟာ သေနတ်ဒင်ကို နမ်းကြည့်တော့လဲ အဲဒီအနံ့မျိုးရသေးတယ်၊ ပြီးတော့ ဒီထက် သေချာတာကတော့ သေနတ်ထရေကာနားက ချောင်ကြိုချောင်ကြားတွေမှာ ပေါင်ဒါစလေးတွေ ကပ်နေတာ တွေ့ရတယ်၊ ဒါကြောင့် အဲဒီမိန်းမရဲ့ သေနတ်ပါဗျာ၊ ပြီးတော့ ပေါင်ဒါက မျက်နှာဖြူမတွေ အသုံးများတဲ့ 'ပရင့်ဆက်ပက်' ဆိုတဲ့ ပေါင်ဒါမျိုးဗျ၊ စက္ကူကတ်ပြား ဗူးအမာလေးတွေနဲ့ လာတာ၊ အနံ့က အတော်ကလေး သင်းတယ်၊ ဈေးလဲ အတော်ကြီးတယ်ဗျ၊ တော်တော်ပိုက်ဆံရှိရုံနဲ့ မသုံးနိုင်ဘူး'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

မှတ်ချက်

မျက်နှာဖြူမများ အသုံးများသော ပေါင်ဒါမျိုးဖြစ်ပေသည်။ စစ်ပြီးခေတ်တွင် ထိုပေါင်မျိုး မလာ တော့ပါ။ အချို့ အသိမ်းအဆည်းကောင်းသော လူကြီးသူမများအိတ်တွင် ထိုပေါင်ဒါဗူးခွံများ ရှိကောင်းရှိပေလိမ့်မည်။ 'ယာဒ်ဒလီပေါင်ဒါ' သည် ထိုအချိန်က ခေတ်စားပါသည်။ မြန်မာအမျိုး သမီးများသည်ယာဒ်ဒလီပေါင်ဒါကို ပို၍ နှစ်သက်ကြပါသည်။ ကိုယ်လိမ်းပေါင်ဒါမှာ သံဗူးနှင့် လာပါသည်။ ပရင့်ဆက်ပက်ပေါင်ဒါမှာလည်း ထိုနည်းအတိုင်း လာပါသည်။ ကျွန်ုပ်ထံ၌လည်း ပရင့်

ဆက်ပက်ပေါင်ဒါကြော်ငြာရှိပါသောကြောင့် ဖော်ပြလိုက်ပါသည်။ လူကြီးမင်းများမှာလည်း တွေ့ဖူး မြင်ဖူးကြပါလိမ့်မည်။

**စာရေးသူ]**

ကျွန်ုပ်တို့သုံးယောက်သည် စကားတပြောပြောနှင့် လာခဲ့ကြရာ ဆူးလေဘုရားလမ်းသို့ ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား

''ဘရာမင် ထမင်းဆိုင်ရှေ့မှာ ရပ်ဗျာ'' ဟု ပြောသဖြင့် ကျွန်ုပ်လည်း ရပ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ငှက်ပျောဖက်နှင့် စားသောက်ရသော ဘရာမင် ထမင်းဟင်းကို မှာယူ၍ မြိန်ရှက်စွာ စားသောက်ကြလေတော့သတည်း။

*

# ပီယသိဒ္ဓိ အဆောင်လက်ဖွဲ့

ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင် နေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းသို့ မော်တော်ကားနှင့် ထွက်ခဲ့ကြလေ၏။ ကျွန်ုပ်တို့ ရောက်ရှိချိန်၌ ဆားပုလင်းနှင်းမောင်သည် အင်္ဂလိပ်ဘာသာဖြင့် စာတစ်စောင် ရေးနေသည်ကို တွေ့ရလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''အိုင်ဆေး၊ ဘယ်ကို ရေးနေတာလဲဗျ'' ဟု မေးလိုက်လေ၏။

''ပရော်ဖက်ဆာ ဆာခါးဆီကို ရေးနေတာပါဗျာ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

''ပရော်ဖက်ဆာ ဆာခါးဆိုတာ ဘယ်ကလဲဗျ၊ ဒီနာမည် ကြားဖူးသလိုပဲ'' ဟု ကျွန်ုပ်က ဝင်၍ မေးလိုက်ရာ ဆားပုလင်းနှင်းမော်က . . .

''ဒီလူက လူတော်ပေ့ါဗျာ၊ အိန္ဒိယပြည် ဘုရင်ခံချုပ် ဝဲလင်တန်ရဲ့ ရွှေတံဆိပ်တွေ၊ မဒရပ် လက်ထောက် ဘုရင်ခံ ဂိုချင်ရဲ့ ရွှေတံဆိပ်တွေ၊ ပီသာဖူရမ် မဟာရာဂျာရဲ့ ဂုဏ်ထူးဆောင် ရွှေလက်ပတ်ကြိုးတွေ ရခဲ့တဲ့ လူဗျ။ သူတို့ တမျိုးလုံး စိတ်ညို့ပညာ ကျွမ်းကျင်ကြတယ်၊ သူကိုယ် တိုင်လဲ အဲဒီပညာ ကျွမ်းကျင်တယ်ဗျ၊ အရှင်လတ်လတ် သူ့ကိုမြေမြှုပ်ခိုင်းပြီး နာရီပေါင်းများစွာ နေပြခဲ့ဖူးတယ်၊ နှလုံးသွေးရပ်ပြဖူးတယ်၊ မျက်စိကို အဝတ်စည်းပြီး စည်ကားတဲ့ နေရာမှာ မော်တော်ကား မောင်းပြဖူးတယ်၊ ထူးဆန်း အံ့ဩဖွယ်ရာ အမျိုးမျိုးကို လုပ်ပြနိုင်ခဲ့တယ်ဗျ၊ ဓာတ်ဖန်လုံး ကြည့်တဲ့ အတတ်ပညာတို့၊ 'သော့ဒ်ရီးဒင်း' လို့ ခေါ်တဲ့ သူတပါး

ရဲ့ စိတ်အကြံကို ဖြေဆိုတဲ့ ပညာဘက်ကလဲ အတော့်ကို ကျွမ်းကျင်တယ် ဗျ။

သူနဲ့ ကျုပ် မိတ်ဆွေဖြစ်တာ ကြာပါပြီ၊ အခု ဒီလူက အဲဒီအလုပ်တွေ ကိုရပ်ပြီး ဗေဒင်ဟောနေတယ်ဗျ။ အဲဒီဘက်ကလဲ အတော် ချွန်တယ်ဗျို့၊ ဟောဒီမှာ သူ့ဓာတ်ပုံနဲ့စာအုပ်၊ ဒီစာအုပ်ဟာ သူ ဟောတာမှန်တဲ့ အတွက် ထောက်ခံစာတွေချည်း ရေးထားတဲ့ စာအုပ်ဗျ၊ အဲဒီ အထဲမှာ ကျုပ်တို့ မြန်မာပြည်က ထောက်ခံစာ နှစ်စောင် ပါတယ်ဗျို့၊ ကျုပ်တို့ မြန်မာတွေလဲ အဲဒီဘက်ကို အတော်အတန် စိတ်ဝင်စားပုံရတယ်၊ ထောက်ခံစာ တစ်ခုက မင်းပြားက ကိုရွှေမြင့်တဲ့၊ ပရော်ဖက်ဆာ ဆာခါး ဆီက နံပါတ်ရှစ် အဆောင်လက်ဖွဲ့ တောင်းပြီးဖဲရိုက်တာ ဖဲနိုင်တယ်ဆို ပဲ၊ တယောက်ကတော့ ထားဝယ်မြို့က မိုင်းသူဌေး ကိုမောင်မောင်လတ် တဲ့ဗျ။ သူကလဲ သူ့ကို ပရော်ဖက်ဆာ ဆာခါးဟောပေးထားတာ မှန် လွန်းလို့တဲ့ဗျာ၊ ချီးမွမ်းစာရေးပေးထားတယ်၊ ဒီစာအုပ်ကပရော်ဖက်ဆာ ဆာခါး လွန်ခဲ့တဲ့ သုံးနှစ်လောက်က ထုတ်ခဲ့တဲ့ စာအုပ်ဗျ၊ ဒီနောက်ထုတ် တဲ့ စာအုပ်တွေထဲ ကျုပ်ဆီကို ပို့ပေးပါတယ်။ ရွှေဘိုမှာ ကျန်ခဲ့တယ်ဗျာ၊ ဒီစာအုပ်က ပြန်ဖတ်ချင်တာနဲ့ ယူလာခဲ့တာ ဗျ'' ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . . .

''မှတ်မိပြီ ကိုနှင်းမောင်၊ မှတ်မိပြီ၊ ခင်ဗျား သူ့ဆီကို ခဏခဏ စာရေးတယ် မဟုတ်လား'' ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

''ဒီလိုဗျ အိန္ဒိယပြည်မှာ ဗေဒင်ဆရာတွေ အများကြီး ရှိပါရဲ့ဗျာ၊ ဒါ ပေမယ့် ကျုပ်က သူ့ပဲ သဘောကျတယ်၊ သူဟောပုံက သိပ်ပြီး ရှေးဆန် တယ်ဗျ၊ ဒါပေမယ့် အဟောတွေက ခေတ်နဲ့လဲ အံဝင်နေတယ်၊ အဲဒီ

ပညာကို ကျုပ်က စိတ်ဝင်စားနေလေတော့ တချို့ အချက်တွေမှာ မရှင်းတာ ရှိရင် သူ့ဆီလှမ်းပြီး မေးရတာပေါ့ဗျာ'' ဟု ပြောလိုက်လေ၏။

[မှတ်ချက်။ ။ ပရော်ဖက်ဆာ ဆာခါး၏ (၁၉၃၅) ခုနှစ်ထုတ် ရှားပါးသော စာအုပ်ပုံကို ဖော်ပြလိုက်ပါသည်။ ပရော်ဖက်ဆာ ဆားခါးဆိုသည်မှာ အိန္ဒိယပြည်သာမက ကမ္ဘာသို့ တိုင်အောင် နာမည်ကြီးသော 'လောကီပညာရှင်တစ်ဦး' ဖြစ်ပေသည်။ သူသည် 'ဘီအေဘွဲ့' ကို အမေရိကန်မှ ရရှိခဲ့၏။ ရှေးဟောင်း စာပေနှင့် လောကီပညာများ စွမ်းစွမ်းတမံ လိုက်စားခဲ့သူ ဖြစ်၏။''

**စာရေးသူ]**

# FULTILLED PREDICTIONS.

VOL. XII. CONTAINING OPINIONS RECEIVED DETWEEN 1931-34



BY

## PROFESSOR SEKHAR.


B.A, (WASH), M.I.B.M. (U.S.A)

THE

GREAT MESMERIST & ZAMINDAR,

ELLORE

WEST GODAWARY DT.


1-1-35

CPPY RIGHT

ထိုအခါ ဦးကိုကိုကြီးက . . .

''ကိုနှင်းမောင် ခင်ဗျား၊ ဒီပညာတွေ အတော်လိုက်စားတယ်နော်၊ ဘာခေါ်လဲဗျ၊ လက္ခဏာ လား၊ ဗေဒင်လား၊ ဓာတ်ရိုက်တာလား၊ သေချာ ရှင်းစမ်းပါဗျ၊ ကျုပ်ဖြင့် နားကို မလည်ဘူး၊ ခင်ဗျား လိုက်စားနေတယ် ဆိုတာတော့ ကျုပ်သိပါတယ်'' ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်း မောင်က . . .

''ခင်ဗျားပြောတဲ့ဟာတွေ အားလုံး ပါ,ပါတယ်၊ ဒါပေမယ့် ကျုပ် တကယ် လိုက်စားတာက ဟီးဘရူး လူမျိုးတွေရဲ့ (KABAL) လို့ ခေါ်တဲ့ (ကဗ္ဗလာ) အတတ်ပညာဗျ၊ မြန်မာပြည်မှာတော့ ဇာတာတက်တဲ့ဆရာ တွေ၊ လက္ခဏာကြည့်တတ်တဲ့ ဆရာတွေ၊ အခြား ဗေဒင်ပညာတတ်တဲ့ ဆရာတွေ၊ ထူးချွန်တဲ့ ဆရာတွေ ပေါပါတယ်၊ ကျုပ်ပြောတဲ့ (KABALA) ပညာကတော့ သဲလွန်စ ရရုံလောက်ပဲ ရှိကြဦးမှာ၊ အိန္ဒိယပြည်မှာ တောင် အဲဒီဘက်က ပညာတတ်တဲ့လူတောင် အတော် ကလေး ရှားမယ် ဗျ၊ ပရော်ဖက်ဆာ ဆာခါးတို့ကတော့ အဲဒီပညာနဲ့ပတ်သက်လို့ နိုက်နိုက်ချွတ်ချွတ် သိထားတယ်ဗျ၊ ဒါကြောင့် သူ့ဆီမှာ အဲဒီပညာကို ဆည်းပူးနေတယ်ဗျ'' ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

''ကျုပ် ကြားဖူးတဲ့ နျူမရော်လော်ဂျီပညာမျိုးလားဗျာ'' ဟု မေးလိုက် လေ၏။

''ခင်ဗျား ပြောဖူးတဲ့ နျူမရော်လော်ဂျီဆိုတာက ဂဏန်းဗေဒင်ဗျ၊ အဲ ဒါလဲ (KABALA) ကနေ ဆင်းသက်တဲ့ ပညာပဲဗျ၊ ဒါပေမယ့် နျူမရော် လော်ဂျီပညာနဲ့ ဓာတ်ရိုက်ဓာတ်ဆင်လုပ်လို့ မရဘူး (KABALA) ပညာနဲ့ တော့ ရတယ်ဗျို့'' ဟု ဆားပုလင်းနှင်းမောင်က ပြောပြလိုက်လေ၏။

''ဒီပညာနဲ့ပတ်သက်လို့ တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ် ထင်ထင်ရှားရှားထဲက

ဘယ်သူရှိသတုန်းဗျ'' ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

''ဆော်လမွန်ဘုရင်ကြီးဟာ ဒီပညာရဲ့ ခေါင်းဆောင်ကြီးပေါ့ဗျာ၊ ဒီပညာမှာ လျှို့ဝှက်နက်ရှိုင်းတဲ့ သဘောတွေ အများကြီးပါနေတယ်'' ဟု ဆားပုလင်းနှင်းမောင်က ပြော၍ ဂလေစီယာ ရေခဲတောင်တံဆိပ် စီးကရက်ကို ရှိုက်ဖွာလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . . .

''ဒါနဲ့ အိုင်ဆေး ကိုနှင်းမောင်၊ ထောက်ကြန့် လူသတ်မှုကိစ္စက အတော်ကလေး နီးစပ်ပြီ လားဗျ'' ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

''နောက်ထပ် လူသတ်မှုတွေ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတာပါပဲဗျာ၊ ဩော် . . . ဒါနဲ့ ပဲခူးသွားရအောင်ဗျာ'' ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက

''ဟို . . . သေဆုံးတဲ့ မိန်းမချောလေးပိုင်တဲ့ 'မြိုင်ဆီစက်' ကိုလား၊ လူသတ်သမားကိုတော့ ကျုပ်ဖြင့် အံ့ဩရောဗျာ၊ ဒီလောက်ချောမောလှပတဲ့ မိန်းကလေးကို ကျုပ်ဖြင့် မသတ်ရက်ဘူးဗျာ'' ဟု ပြောလိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ကုတ်အင်္ကျီကို ထ၍ ဖြုတ်လေ၏။

''ခင်ဗျား မသတ်ရက်ပေမယ့် သတ်ရက်တဲ့လူက သတ်သွားပြီလေဗျာ၊ ကျုပ်တို့ တာဝန်က အဲဒီသတ်တဲ့ကောင်ကို မိဖို့ပဲ၊ ပြီးရင် ကြိုးစင်ကို ပို့ဖို့ပဲ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက် လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် မော်တော်ကားကို မောင်းလေ၏။ ထိုသို့ မော်တော် ကားကို မောင်းရင်း . . .

''အမှုက အတော်ကလေး နက်တယ်ဗျ၊ ကျုပ်က အဲဒါကို သဘောကျ

တာ၊ အဲဒီလို နက်နက် ရှိုင်းရှိုင်းကလေးတွေမျိုးနဲ့ အလုပ်မလုပ်ရတာ ကြာပြီ၊ ဒီအမှုမှာ စိတ်ဝင်စားစရာ အကောင်းဆုံး အချက်ဟာ သေနေတဲ့ မိန်းကလေးနားက ခြောက်လုံးပြူးတလက်နဲ့ ပြန့်ကျဲနေတဲ့ ကျည်ဆန်ခြောက်တောင့်ပဲ'' ဟု ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် လာခဲ့ကြရာ ပဲခူးမြို့ မြိုင်ဆီစက်သို့ ရောက်ရှိလာခဲ့လေ၏။ ဆီစက်ဝင်းနှင့် ကပ်လျက်တွင် ဆောက်လုပ်ထားသော ဆင်ဝင်ပါလျက် နှစ်ထပ်တိုက်မှာမြိုင်ဆီစက်၏ ပိုင်ရှင် ဦးမြိုင်၏ တိုက်ဖြစ်ကြောင်း သိရတော့၏။ ဆားပုလင်းနှင်းမောင်သည် မော်တော်ကားကို ဦးမြိုင်၏တိုက် ဆင်ဝင်အောက်တွင် သွား၍ ရပ်လိုက်လေ၏။ ထိုအခါ ဘိလပ်တံခါးကိုဖွင့်၍ လူတစ်ယောက် ထွက်လာလေ၏။ ထိုလူကို တွေ့လျှင် ဆားပုလင်းနှင်းမောင်က . . .

''ကျွန်တော် ဆားပုလင်းနှင်းမောင်'' ဟု ပြောလိုက်ရာ ထိုသူက . . .

''ဝမ်းသာပါတယ် ခင်ဗျာ၊ ကြွပါ . . . ကြွပါ၊ ဆားပုလင်းနှင်းမောင်က ဒီအမှုကို ကိုင်တယ် ဆိုရင်တော့ မကြာခင် တရားခံကို မိတော့မှာပါ'' ဟု ပြောလိုက်လေ၏။

ထို့နောက် ထိုသူကပင် သူသည် ဦးမြိုင်ဖြစ်ကြောင်း ပြောဆိုသည် ဖြစ်ရာ မြိုင်ဆီစက် ဆိုသည်မှာ ဦးမြိုင်၏ နာမည်ကို အကြောင်းပြု၍ မှည့်ခေါ်ထားကြောင်း သိရလေတော့၏။ ကျွန်ုပ်တို့လည်း ဧည့်ခန်း၌ ဝင်၍ ထိုင်မိကြလျှင် ဧည့်ခန်းနံရံတွင် ချိတ်ဆွဲထားသော ဆီဆေးပန်းချီပုံတူကားကြီးကို လှမ်း၍ ကြည့်နေလေ၏။ ထိုပန်းချီကားမှာ သေဆုံးသူ မိန်းမချောလေး၏ ပုံတူ ဖြစ်လေ၏။

''ဒီပန်းချီကားက တယ်ကောင်းပါလားဗျာ၊ ဒီဟာ မြန်မာပန်းချီဆရာရဲ့ လက်ရာမဟုတ်ဘူးဗျ'' ဟု ဆားပုလင်းနှင်းမောင်က ပြောဆိုကာ

ထဲ၌ ပန်းချီကားတွင် ရေးထိုးထားသော ပန်းချီဆရာ၏ လက်မှတ်ကို ကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုပြီးနောက် . . .

''သြော် . . . သိပြီ၊ သိပြီ၊ ဒါဦးမြိုင်ရဲ့ ဇနီး အိန္ဒိယရောက်တုန်းက ပန်းချီဆရာကြီး ရေးခဲ့တဲ့ပုံပဲ၊ အတော့်ကို ပေးရမယ်နော်'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

''ဟုတ်ပါတယ် ဆားပုလင်းနှင်းမောင်၊ ရွှေဒင်္ဂါးငါးပြားပူဇော်ခဲ့ရပါတယ်'' ဟု ဆီစက် ပိုင်ရှင်က ပြန်၍ ဖြေလေ၏။

''အဲဒီတုန်းက အိန္ဒိယသွားတာ ဦးမြိုင်ရော ပါသွားသေးသလား'' ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

''ပါပါတယ် ခင်ဗျ၊ ကျွန်တော်တို့လင်မယား ဘုရားဖူးသွားကြတာပါ''ဟု ဦးမြိုင်က ဖြေလေ၏။

''ဟုတ်ပြီ . . . ဟုတ်ပြီ၊ အဲဒီအခေါက်မှာ ထင်တယ်၊ ဦးမြိုင်ရဲ့ဇနီး မပြုံးဟာ ဂိုရာဝတီ အနောက်ဘက်က ဗေဒင်ဆရာကြီး ပရော်ဖက်ဆာ ဆာခါးဆီမှာ ဗေဒင်မေးခဲ့တာလေ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

''မှန်ပါတယ် . . . မှန်ပါတယ် ဆားပုလင်းနှင်းမောင်၊ ဗေဒင်ဆရာကြီး ပရော်ဖက်ဆာ ဆာခါးဆီမှာဗေဒင်မေးဖူးပါတယ်၊ အတော့်ကို မှန်တာပဲဗျာ'' ဟု ဦးမြိုင်က ဖြေလေ၏။

''အဲဒီတုန်းက ဦးမြိုင်ရဲ့ ဇနီး မပြုံးမေးခဲ့တဲ့ မေးခွန်းထဲမှာ 'ကျွန်မယောက်ျားနဲ့ ကျွန်မ သေတပန်သက်တဆုံး ပေါင်းရပ့ါမလား၊ ကျွန်မမှာ ရန်သူရှိပါသလား' ဆိုတဲ့ မေးခွန်းတွေကို မေးခဲ့မှာပဲ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏ ။ ထိုအခါ ဦးမြိုင်က . . .

''မှန်ပါတယ် ခင်ဗျာ . . . မှန်ပါတယ်၊ အဲဒီမေးခွန်းမျိုးတွေပါပဲ'' ဟု ဖြေလေ၏။

''ပြီးတော့ မပြူးမေးတဲ့ မေးခွန်းထဲမှာ 'ကျွန်မ ယောက်ျားက ကျွန်မကို နှစ်နှစ်ကာကာ ချစ်ပါရဲ့လားရှင်' ဆိုတဲ့ မေးခွန်းမျိုးလဲ ပါသေးတယ် မှတ်တယ် ဦးမြိုင်ရဲ့'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် ဦးမြိုင်သည် ပါးစပ်အဟောင်းနှင့် ဆားပုလင်းနှင်းမောင်အား ငေးမောကြည့်ရှု နေလေ၏။ အတော်အတန်ကြာအောင် ငေးမောကြည့်ရှုပြီးနောက် . . .

''ဘယ်လိုများ သိနေတာလဲ ဆားပုလင်းနှင်းမောင်ရယ်၊ အဲဒီအတိုင်း ပါပဲဗျာ'' ဟု ဦးမြိုင်က မေးလိုက်လေ၏။

''ဒီလို ဦးမြိုင်ရဲ့ စောစောကပြောတဲ့ပရော်ဖက်ဆာ ဆားခါးဆီက Talisman တယ်လီစမန် (န်) လို့ခေါ်တဲ့ အဆောင်လက်ဖွဲ့ (၁၂) မျိုးရှိတယ်ဗျ၊ ခင်ဗျားသဘောပေါက်အောင်ပြောပြရဦးမယ်။

တစ် - Talisman for riches and honour.

ချမ်းသာစေရန်နှင့် ဂုဏ်သိက္ခာမြင့်မားစေရန် အဆောင်လက်ဖွဲ့၊

နှစ် - Talisman for profession.

အလုပ်အကိုင်နှင့် ရာထူးတိုးတက်စေရန် အဆောင်လက်ဖွဲ့၊

သုံး - Talisman for health.

အာရောဂျသိဒ္ဓိလက်ဖွဲ့

လေး - Talisman for fruits of earth.

ယာသမားများ လယ်သမားများ အသီးအပွင့်ဖြစ်ထွန်းစေသော

လက်ဖွဲ့

ငါး - Talisman for man's love.

ယောကျ်ားများ စွဲလမ်းစေသော ပီယလက်ဖွဲ့၊

ခြောက် - Talisman for woman's love.

မိန်းမများ စွဲလမ်းစေသော ပီယလက်ဖွဲ့၊

ခုနစ် - Talisman for eloquence.

ပရိသတ်စွဲလမ်းစေသော လက်ဖွဲ့၊

ရှစ် - Talisman for hazard.

ထီ အစရှိသော ငွေရှင်စေသော လက်ဖွဲ့၊

ကိုး - Talisman for litigation.

တရားပြိုင် တရားဆိုင်နိုင်စေသော အဆောင်လက်ဖွဲ့၊

တစ်ဆယ် - Talisman for children.

ကလေးရစေခြင်းနှင့် ကလေးအဖက်တင်စေခြင်းဆိုင်ရာလက်ဖွဲ့၊

တစ်ဆယ့်တစ် - Talisman for spirits.

မကောင်းဆိုးဝါး ကာကွယ်စေသော လက်ဖွဲ့၊

တစ်ဆယ့်နှစ် - Talisman for black magic.

အောက်လမ်းအစရှိသည်တို့မှ ကာကွယ်စေသော လက်ဖွဲ့။

အဲဒီအဆောင်လက်ဖွဲ့ ဆယ့်နှစ်မျိုး လုပ်ထားတယ်ဗျ၊ နံပါတ်တစ်က နေ ခြောက်အထိ ပရော်ဖက်ဆာ ဆာခါးက ငါးကျပ်ခွဲပဲယူတာ၊ နံပါတ်

ခုနစ်ကနေ ဆယ့်နှစ်အထိ တဆယ် ငါးမူယူတာ၊ ဦးမြိုင်ရဲ့ဇနီး မပြုံးက ပရော်ဖက်ဆာ ဆာခါးဆီက နံပါတ်ငါးလက်ဖွဲ့ကို ဝယ်ယူခဲ့ဖူးတယ်ဗျ၊ အဲဒီလက်ဖွဲ့၊ ဆောင်ဖူးတဲ့အတွက် ယောက်ျားဖြစ်သူ ဦးမြိုင်က သူ့အပေါ် အချစ်တွေ တိုးလာကြောင်း ပြန်စာကိုလဲ ပရော်ဖက်ဆာ ဆာခါးဆီကို ပို့ ဖူးတယ်၊ အဲဒီစာကို ဆာခါးက သူ့ရဲ့ 'ပရိုးဒေးရှင်း' ဆိုတဲ့ စာအုပ်အတွဲ ဆယ့်သုံးမှာ ဖော်ပြဖူးတယ်၊ ကျုပ်က အဲဒီစာအုပ်တွေကို အမြဲ ဖတ်နေ တာဗျ၊ အဲဒီမှာ မြန်မာပြည်က စာတွေကို နည်းနည်း အာရုံစိုက်မိတာပေါ့ ဗျာ၊ ခင်ဗျား မိန်းမနာမည်က အဲလစ်ပြုံးတဲ့၊ လိပ်စာက ပဲခူးလို့ ပေးထား တယ်'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေတော့၏။ ထိုအခါ ဦးမြိုင်က . . .

''မှန်ပါတယ် . . . ခင်ဗျာ၊ နှံ့စပ်ပါတယ်၊ ဒါကြောင့်လဲ ဆားပုလင်း နှင်းမောင်၊ ဆားပုလင်းနှင်းမောင်နဲ့ နာမည်ကြီးပေတာကိုး'' ဟု ပြော လိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က ဆေးလိပ်တိုကို ပြာခွက်တွင် ထိုးခြေယင်း . . .

''မပြုံးဟာ မက်ဆင့်ဘဏ်ကို ငွေထုတ်ဖို့အသွားမှာ အသတ်ခံရတာ၊ ငွေသွားထုတ်ရင် သူတစ်ယောက်တည်း အဲဒီလို သွားထုတ်လေ့ရှိ သလား'' ဟု မေးလိုက်လေ၏။

''ခါတိုင်းတော့ ကျွန်တော် လိုက်ပါတယ်၊ အဲဒီနေ့ကတော့ ကျွန်တော် လဲ ကောင်းကောင်း နေမကောင်းသေးတာနဲ့ မလိုက်ဖြစ်ခဲ့ဘူး'' ဟု ဦး မြိုင်က ပြော၏။

''ဦးမြိုင် ကောင်းကောင်း နေမကောင်းသေးဘူးဆိုတာ ဝမ်းသွားနေ တာကို ပြောတာလား'' ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ ဦး မြိုင်က

''ဟုတ်လိုက်တာဗျာ၊ ပြီးခဲ့တဲ့ လေးရက်လောက်ကတည်းက ဆူးပုတ်ရွက်နဲ့ ပဲကြီးဟင်းကို စားမိပြီးဝမ်းပျက်နေတာ မနေ့ညက ဝမ်းသွားရပ်တယ်'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

''ဦးမြိုင်လိုက်ပြီး မသွားတဲ့ နေ့မှာမှ ဖြစ်ရှာတာကိုး၊ စိတ်မကောင်းစရာပဲ'' ဟု ပြောလေ၏။

''ဟုတ်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် သူ့မှာ သေနတ်ပါပါလျက်နဲ့ ဘာဖြစ်လို့ သေနတ်နဲ့ မခုခံနိုင်ရတာလဲ၊ ကျွန်တော့်မိန်းမဟာ သိပ်ပြီး ကြောက်တတ် လန့်တတ်တဲ့ မိန်းမမျိုးထဲမှာ မပါဘူးဗျ၊ သိပ်ပြီး ဘိုဆန်တာ'' ဟု ဦးမြိုင်က ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က ၎င်း၏ အိတ်အတွင်းမှ ခြောက်လုံးပြူးနှင့် ကျည်ဆန်များကို ထုတ်ယူ၍ . . .

''အဲဒါ မပြူးရဲ့ သေနတ်ပဲ၊ ဒါနဲ့ မေးပါရစေဦး ဦးမြိုင်ရယ်၊ ခင်ဗျားဇနီး မပြူးမှာ ငြိုးသူရန်ဖက်များ ရှိနေသလား'' ဟု မေးလိုက်လေ၏။ ထိုအခါ ဦးမြိုင်က . . .

''မရှိရပါဘူးဗျာ၊ မပြူးဟာ လူတိုင်းနဲ့ တည့်ပါတယ်။ စက်က အလုပ်သမားတွေဆိုတာလဲ သူ့ကို အလွန်ပဲ ချစ်ကြပါတယ်၊ ဒီလောက် ရက်ရက်စက်စက် လုပ်မယ့်လူရယ်လို့ ကျုပ်ဖြင့် စဉ်းစားလို့ မရပါဘူး'' ဟု ပြောလိုက်၏။

''အဲဒီ ကိစ္စမဖြစ်ခင်မှာ ခင်ဗျားတို့အိမ်မှာ လူအဝင်အထွက်များရှိပါသေးလား'' ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

''မရှိပါဘူး ခင်ဗျာ၊ ပုံမှန်အတိုင်းပါပဲ'' ဟု ဦးမြိုင်က ဖြေလိုက်၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

''ဒီသေနတ်ဟာ မပြူး အမြဲတမ်းကိုင်နေတဲ့ သေနတ်ပဲနော်'' ဟု မေးလိုက်ရာ ဦးမြိုင်က ...

''အမြဲတမ်း ကိုင်ပါတယ်ဗျာ၊ ခရီးထွက်တာနဲ့ သူရဲ့ လက်ပွေ့အိတ်ထဲမှာ အမြဲတမ်းပါတဲ့ သေနတ်ပါပဲ'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ပဝါအနီကလေးကို ထုတ်၍ပြရင်း . . .

''သိပါတယ် . . . ခင်ဗျာ၊ စာတိုက်က ရောက်လာတာပါ၊ သူတို့ ကွန့်ဗင့်ကျောင်းတုန်းက ကျောင်းနေဖက် သူငယ်ချင်းတွေက ဧပြီဖူးလ် လုပ်တာပါ'' ဟု ပြောလိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က ဦးမြိုင်အား အကြောင်းထူးလျှင် ချက်ချင်းအကြောင်းကြားမည်ဖြစ်ကြောင်း ပြောဆို၍ ထွက်ခဲ့လေ၏။

လမ်းသို့ ရောက်သောအခါ ဦးကိုကိုကြီးက . . .

''အသတ်ခံရတဲ့ မိန်းကလေးက ရုပ်ကလေးက ချောပါတယ်၊ ဒါပေမယ့် နာမည်က မပြူးတဲ့လားဗျာ၊ ဒီထက်လှတဲ့ နာမည်လေး သူ့မိဘက မပေးနိုင်တော့ဘူးလား'' ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

''ဒီလိုမဟုတ်ဘူးဗျ၊ သူ့အဖေက ဦးပြူးဖြစ်လိမ့်မယ်၊ ငယ်ငယ်က အင်္ဂလိပ်ကျောင်းထားတော့ သူ့အဖေနာမည်နဲ့ အင်္ဂလိပ်နာမည်တွဲပြီး မှည့်ရတာ မဟုတ်လား၊ သူ့နာမည်က အဲလစ်ပြူးတဲ့ဗျာ၊ အဲလစ်က သူ့နာမည်၊ ပြူးက သူ့အဖေနာမည်'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကို ကြီးက . . .

''မပြူးယောက်ျား ဦးမြိုင်ကလဲ အသက်ဘာမှမကြီးသေးပါလားဗျ၊ ကိုနှင်းမောင်နဲ့မှ မတိမ်း မယိမ်းပဲရှိမယ်၊ သူဌေးမို့လို့ ဦးတပ်ခေါ်တာဖြို့'' ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က . . .

''ကျုပ်ဖြင့် ဒီအမှုမှာ သူ့ယောက်ျား ဦးမြိုင်ကို တယ်ပြီး မသင်္ကာဘူး ဗျ၊ ဒီလူ ပြောပုံဆိုပုံက အေးစက်စက်ကြီးဗျ၊ ပြီးတော့လဲ ဒီလောက် ချောမောတဲ့ မိန်းကလေးက သူ့ယောက်ျားက သူ့ကို ချစ်ခင်နှစ်သက်လာအောင် ပရော်ဖက်ဆာ ဆာခါးဆီမှာ အဆောင်လက်ဖွဲ့ မှာရတယ်ဆိုတာပဲဗျ'' ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

''ကျုပ်ကတော့ ဒီလို မထင်ဘူးဗျ၊ မပြုံးဟာ လျှို့ဝှက်အသင်းတစ်ခုခု ဝင်ထားတဲ့သူ ဖြစ်လိမ့်မယ်၊ ပဝါနီနီလေးဟာ သူ့အသင်းက သူ့ဆီပို့တဲ့ဟာ ဖြစ်လိမ့်မယ်၊ ဒါမျိုးတွေကလဲ မရှိဘူးလို့ မပြောနိုင်ဘူးနော်၊ ခဏခဏ ပေါ်ပေါက်ခဲ့တာပဲဗျ မဟုတ်ဘူးလား ကိုနှင်းမောင်'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

''ထင်ခွင့်ရှိပါတယ်ဗျာ၊ လွတ်လွတ်လပ်လပ်ကြီး ထင်နိုင်ပါတယ်၊ သို့သော်လဲ ကိုယ်ထင်ထားတဲ့ ထင်လုံးဟာ သဘာဝကျ မကျတော့ အလေးအနက်စဉ်းစားပြီးမှ ထင်တာ အကောင်းဆုံးပဲဗျ၊ အိုင်ပီကလဲ သူ့ယောက်ျားကို ထင်တယ်ဆိုတာ ထင်နိုင်တာပဲ၊ ထင်လောက်တဲ့ အချက်တွေ ရှိနေတာကိုး၊ ဦးကိုကိုကြီးက လျှို့ဝှက်အသင်းတစ်ခုခုက လုပ်ကြံတယ်လို့ ထင်တယ်၊ ဒါလဲ သဘာဝ ကျတာပါပဲ၊ ကျုပ်ကတော့ ဘာမှမထင်သေးဘူးဗျ၊ ကျုပ်အတွက် ထင်လောက်တဲ့ အချက်တွေ့မှ မတွေ့သေးပဲကိုဗျ၊ ဒါကြောင့် ကျုပ်ဖြင့် ဘာမှ မထင်သေးဘူးဗျ၊ အဲဒီလို မထင်တာဟာလဲ သဘာဝ ကျတာပါပဲ'' ဟု ပြော လိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ပဲခူးမှ ရန်ကုန်ဘက်သို့ ပြန်လာကြလေ၏။ အပြန်ခရီးတွင် ဦးကိုကိုကြီးသည် ကားကိုမောင်းလေ၏။

လှည်းကူးသို့ ရောက်သောကာလ၌ ဈေးအနီးရှိ ထမင်း ဆိုင်တွင် ဝင်၍ ထမင်းစားကြလေ၏။

ထမင်းဆိုင်တွင် ဆားပုလင်းနှင်းမောင်နှင့် သိကျွမ်းဖူးသော ရာဇဝတ်အုပ်မောင်ပါ ဆိုသူက ဆားပုလင်းနှင်းမောင်အား ကျွန်ုပ်တို့ စားသော ထမင်းဖိုးကို ရှင်းပါရစေဟု လာရောက်တောင်းပန် လေ၏။ ဆားပုလင်းနှင်းမောင်ရော ကျွန်ုပ်တို့ကပါ မရှင်းရန် ပြောသော်လည်း ''မလုပ်ပါနဲ့ ဆရာ ရယ်၊ ရှင်းပါရစေ'' ဟု အတန်တန် ပြောသဖြင့် ကျွန်ုပ်တို့လည်း ငြိမ်နေရလေ၏။ ထိုအခါ ရာဇဝတ်အုပ်မောင်ပါက ထမင်းရောင်းသော အဒေါ်ကြီးအား

''အဒေါ်ကြီး အဲဒီဝိုင်းအတွက် မယူပါနဲ့ ကျုပ်ပေးမယ်'' ဟု ပြော လိုက်လေ၏။ ထိုအချိန် ပုလိပ်နှစ်ဦးသည် ဖဲသမားများကိုဖမ်း၍ ထမင်းဆိုင်တွင်းသို့ ဝင်လာပြီးလျှင် ထမင်းစားကြလေ၏။ ထိုအခါ ရာဇဝတ်အုပ် မောင်ပါက ပုလိပ်ကလေး တစ်ဦးအား . . .

''ဘာမှုလဲကွ'' ဟု မေးလိုက်ရာ ပုလိပ်ကလေးက . . .

''ဖဲဝိုင်း ဆရာ၊ အချိန်က စကောစကကြီးဆိုတော့ သူတို့အတွက် အချုပ်ခန်းမှာ ထမင်းရမှာ မဟုတ်ဘူးဆိုလို့ သူတို့စားပါရစေဆိုတာနဲ့ ထမင်းဝင်ကျွေးတာ၊ ထမင်းဖိုးကတော့ သူတို့ဝိုင်းက သိမ်းလာတဲ့ ပိုက်ဆံနဲ့ ချေရမှာပဲ'' ဟု ပြောလိုက်လျှင် ရာဇဝတ်အုပ် မောင်ပါ က . . .

''အေး . . . အတော်ပဲ၊ ငါ စားတဲ့အတွက်ရော၊ ဟောဟို ဝိုင်းအတွက် ပါ ချေလိုက်ကွာ'' ဟု ပြောလိုက်၏။ ထိုအခါ အခြားသော ထမင်းဝိုင်းမှ အရပ်သူ အရပ်သားများသည် ကျွန်ုပ်တို့အား ပြုံးစိစိဖြင့် ဝိုင်း၍ ကြည့် ကြရာ ကျွန်ုပ်၏ တသက်တာတွင် အရှက်ရဖူးတာ အချိန်တချိန်အဖြစ် ထိုနေ့ကို တသက်ပတ်လုံး မှတ်မိနေပေတော့၏။

ကျွန်ုပ်တို့လည်း ဆိုင်အတွင်းမှ ကပျာကယာ ထွက်လာခဲ့လေ၏။ လမ်းသို့ရောက်သောအခါ ဦးကိုကိုကြီး က . . .

''ထမင်းကျွေးတာ ကျေးဇူးမတင်တဲ့အပြင် ပါးတောင်ရိုက်ချင်တယ်ဗျာ'' ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ စီးကရက်ကို ဖွာ၍ နေလေ၏။ ကျွန်ုပ်ကလည်း . . .

''အေးဗျာ၊ ကျုပ်ဖြင့် ရှက်လိုက်တာဗျာ'' ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''မသာ့ လက်ဖက်နဲ့ မျက်နှာလုပ်တယ်ဆိုတာ ဒီလိုကောင်စားမျိုးတွေပေါ့ဗျာ'' ဟု ပြောပြီး သူ့ဘာသာ သဘောကျ၍ 'တဟဲဟဲ' ရယ်မောလေတော့၏။

ထို့နောက် ကျွန်ုပ်တို့သည် ဆားပုလင်းနှင်းမောင်အား ၎င်းနေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းဆီသို့ ပြန်၍ ပို့ပြီးနောက် စီအိုင်ဒီသို့ ပြန်ခဲ့ကြလေတော့၏။

*

[မှတ်ချက်။

အိန္ဒိယပြည် ဆရာကြီး ပရော်ဖက်ဆာ ဆားခါး၏ အဆောင်အဖွဲ့ ဆယ့်နှစ်မျိုးကို လုပ်ထုံးလုပ်နည်း အတိအကျအတိုင်း ကျွန်ုပ် ကောင်းစွာစီရင်တတ်ပါသည်။ စိတ်ဝင်စားသူများ စုံစမ်းနိုင်ပါသည်။

ဤပညာကိုလိုက်စားသူများ ကျွန်ုပ်နှင့် လာ၍တွေ့ပါက လုပ်နည်း

ကိုင်နည်း အသေးစိတ် ကျွန်ုပ်အနေနှင့် ဖော်ပြရန် တွန့်တိုဝန်လေးခြင်း မရှိပါ။

၎င်းပညာသည် ရှေးဟောင်း ဟီးဘရူးလူမျိုး လောကီပညာရပ် အမွေအနှစ်တစ်ခုသာ ဖြစ်ပါသည်။

ဤပညာမျိုး ပြည့်ပြည့်စုံစုံ တတ်ကျွမ်းသူ ဤခေတ်၌ ရှားနေပြီ ဖြစ်၏။

၎င်းပညာကို (KABALA) ကမ္ဗလာ ဟု ခေါ်ပါသည်။

**စာရေးသူ]**

*

## လူသတ်သမားသည် ပသျှူးခေါင်းဖြတ်လော

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ခြောက်ရက်တိတိ ပြည့်သောနေ့၌ ကျွန်ုပ်သည် ရုံးခန်းအတွင်း၌ ထိုင်၍ 'ရီတန်း' ခေါ် လချုပ်ပြန်တမ်းများနှင့် 'ရီပို့' ခေါ် အစီရင်ခံစာ များကို ရေးသားနေလေ၏။ ထိုအချိန်၌ ဦးကိုကိုကြီးသည် လေကလေး 'တရှီရှီ' ချွန်၍ ရုံးခန်း အတွင်းသို့ ရောက်လာလေ၏။

''လုပ်ဗျို့ ဦးအောင်သင်းရေ၊ လုပ်လုပ်၊ အဲဒီအလုပ်တွေ မလုပ်ချင်ရင်တော့ ကျုပ်ပြောတဲ့အတိုင်း လူသတ်မှု စုစုပေါင်းဆိုတဲ့ အကွက်မှာ ၁၃၀၀ လို့ ရေးထည့်လိုက်ဗျာ၊ အဲဒီလို ရေးထည့်လိုက်ရင် မင်းကြီးက ခင်ဗျားကို နောက်ဘယ်တော့မှ ခိုင်းတော့မှာ မဟုတ်ဘူး'' ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ရောက်တတ်ရာရာ စကားများပြောဆို၍ စကား လက်ဆုံကျနေကြလေ၏။ ထိုအချိန်၌ ပြာတာ မောင်ညို ရောက်လာပြီးလျှင် . . .

''ဆရာတို့ . . . ဆရာတို့၊ မင်းကြီးရုံးခန်းကို လက်ဖက်ခြောက်တစ်ယောက်တစ်ထုပ်စီယူပြီး လာခဲ့ကြပေတော့၊ မင်းကြီးကတော့ ဆူနေပြီ'' ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက မောင်ညို ၏ ထိပ်ကို လက်ဝါးဖြင့် တအားပုတ်လိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့သည် မင်းကြီး၏ ရုံးခန်းဆီသို့ ခပ်သုတ်သုတ် ထွက်လာကြလေတော့၏။

ရုံးခန်းသို့ မဝင်မီ၌ ဖိနပ်ကြိုး ပြင်၍စည်းခြင်း၊ ခါးပတ်ကြိုးပြင်၍

ပတ်ခြင်း၊ ကြယ်သီးများ စုံစုံ စေ့စေ့ တပ်ထားခြင်း ရှိမရှိ စသော အောက်လက်ငယ်သားတို့၏ ပြုဖွယ် ဝတ္တရားများကို ပြုလုပ်ပြီးနောက် မင်းကြီး၏ ရုံးခန်းကို ဝင်ကြလေတော့၏။

ကျွန်ုပ်တို့ဝင်သည့်အချိန်၌ စုံထောက် ကိုစိန်လှ၊ စုံထောက်ရွှေသွား အောင်မြင့်၊ စုံထောက် ကိုတင်ဝင်းနှင့် ဘိလပ်ပြန်ဆရာစိန်ဆိုသော စုံထောက် အကျော်အမော်များသည် မင်းကြီး၏ ရုံးခန်းတွင်းသို့ ရောက်ရှိနေပြီး တန်းစီ နေနှင့်ကြပြီး ဖြစ်လေ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည်လည်း ၎င်းတို့ဘေးတွင် ဝင်၍ စီကြရလေ၏။ မစ္စတာ ကရစ်ပင် သည် ကျွန်ုပ်တို့ရှေ့၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း . . .

''အလကားကောင်တွေ၊ ယူအောအော ယူ့စလက်ဖဲလိုး၊ အသုံးမကျတဲ့ ကောင်တွေ၊ ယူဒုန့်ကီး၊ မြည်းသတ္တဝါတွေလို ငိုက်မျဉ်းနေတဲ့ကောင်တွေ၊ ထောက်ကြန့်ရာဘာတောက လူသတ်မှုမပေါ်သေးဘူး၊ အင်းလျားလမ်းမှာ ခု လူသတ်မှုဖြစ်ပြန်ပြီ၊ မောင်မင်း လူကလေး ကိုကိုကြီး၊ မင်းတခါရီတန်းမှာ ရေးသလို တလတည်းမှာ လူသတ်မှု (၁၃၀၀)များဖြစ်နေမလား မဆိုနိုင်ဘူး''ဟု ပြောလိုက်လေ၏။ ထို့နောက် မစ္စတာကရစ်ပင်က . . .

''မောင်မင်းတို့အားလုံး အဲဒီကို သွားကြ၊ ဆားပုလင်းနှင်းမောင်ကိုပါ ရှာပြီး ခေါ်သွားကြ''ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း မင်းကြီးရုံးခန်းမှ ကသောကမျော ပြေးထွက်လာကြပြီးလျှင် ကားအသီးသီးပေါ်သို့ တက်ကြလေ၏။ စုံထောက်ကိုအောင်မြင့်တို့ လူစုက ကားတစ်စီးပေါ်သို့ တက်၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးက အခြားကားတစ်စီးပေါ်သို့ တက်လေ၏။

ဦးကိုကိုကြီးက မော်တော်ကားကိုမောင်းလေ၏။ စုံထောက်ကို အောင်မြင့်မှာမူ ကားကို စက်နှိုးရင်း ဦးကိုကိုကြီးအား . . .

''ဘယ်လိုလဲ ဦးကိုကိုကြီး၊ ပြိုင်မလား'' ဟု လှမ်းမေးလိုက်လေ၏။

''ဘယ်လိုလုပ် ပြိုင်မှာလဲ ကိုယ်လူရဲ့၊ လမ်းက တစ်လမ်းစီပဲ၊ ကျုပ်တို့က ဆားပုလင်းနှင်းမောင်ကို သွားခေါ်ရဦးမှာ'' ဟု ပြောဆိုကာ ဦးကိုကိုကြီးသည် မော်တော်ကားကို မောင်းထွက်ခဲ့လေ၏။ ကြို့ကုန်းသို့ ရောက်သောအခါ ဦးကိုကိုကြီးက . . .

''အင်းလျားလမ်းက အခင်းဖြစ်ပွားတဲ့ အိမ်ကို အရင်ဝင်မယ်ဗျာ၊ တော်ကြာ ဟိုလူစုက သဲလွန်စတွေ ဖုက်ချင်ဖုက်ထားမှာ၊ ပြီးမှ ကိုနှင်းမောင်ကို သွားခေါ်မယ်ဗျာ'' ဟု ပြောသဖြင့် ကျွန်ုပ်လည်း သဘောတူလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးသည် မော်တော်ကားကို စက်ကုန်ဖွင့်၍ အင်းလျားလမ်းဆီသို့ မောင်းနှင်လေ၏။

ထိုသို့ မောင်းနှင်ခဲ့ရာ အင်းလျားလမ်းသို့ ရောက်လျှင် ခြံတစ်ခြံ၏ ရှေ့၌ လူအများ စုရုံး စုရုံး လုပ်နေသည့်အပြင် ပုလိပ်ကလေးတစ်ဦးသည် နံပါတ်တုတ်ကို ကိုင်ကာ ခြံတိုင်ကို မှီပြီး မတ်တပ်ရပ်နေသည်ကို တွေ့သဖြင့် ဦးကိုကိုကြီး က . . .

''အဲဒီ အိမ်ပဲဗျ၊ ဩော် . . . သိပြီ . . . သိပြီ၊ ဒီအိမ်ကို ကျုပ်ရောက်ဖူးတယ်ဗျ၊ မြူနီပါယ် လူကြီး ဦးသန်းအေးရဲ့ အိမ်ပဲဗျ၊ သူ့မိန်းမက ခေါ်လှလှတဲ့၊ မိန်းမချောတစ်ယောက်ပါပဲ၊ အိန္ဒိယက ဘုရင်ခံချုပ်လာတုန်းက ညှော်ခံပွဲမှာ သီချင်းဆိုပြီး ဖျော်ဖြေခဲ့ဖူးတယ်ဗျ၊ အဆိုကောင်းပဲဗျ'' ဟု ပြောဆိုကာ မော်တော်ကားကို ခြံအတွင်းသို့ ကွေ့၍ ဝင်လိုက်လေ၏။ ထိုသို့ ကွေ့၍ ဝင်လိုက် သည်နှင့် တပြိုင်နက် ခြံအတွင်း ကျောက်ခုံပေါ်တွင် မှီလျက်သား အသက်ထွက်နေသော မိန်းကလေးတစ်

ဦး၏အလောင်းကို လူအများ ဝိုင်းအုံကြည့်ရှုနေသည်ကို တွေ့ရလေတော့၏။

''ဟာ . . . မြူနီစပါယ်လူကြီးကတော် ဒေါ်လှလှပဲဗျ၊ ဟောဟိုမှာ ကြည့်စမ်း၊ ဆားပုလင်းနှင်းမောင် ရောက်နေပါလား'' ဟု ဦးကိုကိုကြီးက ပြောသဖြင့် ကျွန်ုပ်လည်း လှမ်း၍ကြည့်လိုက်ရာ ဆားပုလင်းနှင်းမောင်သည် အလောင်းကို ကြည့်ရှုနေကြောင်း တွေ့ရလေတော့၏။

ကျွန်ုပ်လည်း အနီးသို့ သွားပြီးလျှင် . . .

''အိုင်ဆေး ကိုနှင်းမောင်၊ ခင်ဗျားကို လာပြီးခေါ်မလို့၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီကို ရောက်နေတာတုန်း'' ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

''ခင်ဗျားတို့ စီအိုင်ဒီက ထွက်လာတဲ့အချိန်မှာပဲ ကျုပ်ဖုန်းဆက်လိုက်တော့ ခင်ဗျားတို့ ဒီကို ထွက်လာတယတ်ဆိုတာ သိတာနဲ့ ကျုပ်လဲ ဒီကို လာခဲ့တာပဲ၊ ကျုပ်က မော်တော်ဆိုင်ကယ် ပြင်တဲ့ ကာဆင်ကြီးဆီက လာပြင်တဲ့ မော်တော်ဆိုင်ကယ်တစ်စီးကို ခဏယူပြီး စီးလာခဲ့တယ်လေ၊ အဲဒီတော့ ကျုပ်က အလျင်ရောက်တာပဲပေါ့ဗျာ၊ အသတ်ခံရတာကတော့ မြူနီစပါယ်လူကြီးကတော် ဒေါ်လှလှပဲ၊ ဟောဒါ မြူနီစပါယ် လူကြီး ဦးသန်းအေးပဲ'' ဟု ဆိုကာ ကျွန်ုပ်အား ဦးသန်းအေးနှင့် မိတ်ဆက်ပေးလိုက်လေ၏။ ထိုအခါ ဦးသန်းအေး က. . .

''မသေခင် တပတ်လောက်မှာ စာတိုက်ကနေ ဟောဒီပဝါကလေး တခု ရောက်လာတယ်'' ဆိုကာ အနီရောင် ပဝါကလေးတစ်ခုကို ထုတ်၍ပြလိုက်လေ၏။ ကျွန်ုပ်လည်း ပဝါကို သေချာစွာ ကြည့်လိုက်ရာ အရောင်ရော အမျိုးအစားပါ ထောက်ကြန့်တွင် အသတ်ခံရသော ''မပြူး'' ထံမှ တွေ့ရသည့် ပဝါနှင့် တမျိုးတစားတည်း ဖြစ်နေကြောင်း

တွေ့ရလေ၏။

ပဝါမှာ ထူးဆန်းသော လျှော်တမျိုးဖြင့် ရက်လုပ်ထားကြောင်း တွေ့ရလေတော့၏။ အရောင်မှာလည်း အနီရောင်ဖြစ်လေ၏။ ထို့နောက် ရွှေရောင်ဖြင့် အောက်ပါစာကိုလည်း ရေးထိုးထားပြန်လေ၏။

## အလှည့်ကျတော့ မနွံ့ကြဲစတမ်း<br>သေပေတော့

ကျွန်ုပ်သည် ထိုပဝါကို ဆားပုလင်းနှင်းမောင် လက်သို့ ပေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ပဝါကို နမ်း၍ ကြည့်လိုက်ပြီးနောက် သေဆုံးသူ ဒေါ်လှလှ၏ မျက်နှာကို အုပ်ပေးလိုက်၏။ ဒေါ်လှလှသည် ထိုင်လျက် သေနေသော်လည်း လည်ပင်းတွင် ငွေမတ်စေ့ အဝိုင်းခန့် အပေါက်ကြီး ဖြစ်နေလေ၏။ သွေးများ စီးကျခဲ့သည်မှာ မြေပြင်ပေါ်၌ပင် အိုင်ထွန်းလျက်ရှိနေလေတော့၏။ ဆားပုလင်းနှင်းမောင်က . . .

''ဒေါ်လှလှ သေဆုံးကြောင်း ဘယ်အချိန်မှာ သိပါသလဲ'' ဟု မေးလိုက်လေ၏။ ထိုအခါ မြူနီစပါယ်လူကြီး ဦးသန်းအေး က . . .

''ကျုပ်က ဒီနေ့ မြူနီစပါယ်ရုံးမှာ အစည်းအဝေးရှိတယ်၊ အစည်းအဝေးသွားပြီး တက်နေတာ၊ ပြီးတော့ ဒီနေ့ဟာ မာလီကုလားနဲ့ ထမင်းချက်ကို အလုပ်နားခွင့် ပေးတဲ့ရက်ဗျ၊ အိမ်မှာက ကူဖော်လောင်ဖက် လုပ်တဲ့ အရီ ဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲကျန်တာ၊ သူကလဲ ဒီအချိန်ဆိုရင် ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သွားပို့ရတာ၊ အဲဒီမှာ လှလှ တစ်ယောက်တည်းကျန်တာ၊ ဒီအချိန်မှာ လှလှ ဘာလုပ်တတ်သလဲဆိုတော့ ကတ်ကြေးတစ်လက်နဲ့ ပန်းခြံထဲ ဆင်းပြီး ပန်းခူး တော့တာပဲ၊ လူသတ်သမားက အဲဒီအချိန်ကို ချောင်းပြီး ပန်းခြံ

ထဲဝင်ပြီး ကွက်တိဝင်သတ်သွားတာ ပါပဲ'' ဟု ပြောလိုက်လေ၏။ ထိုအချိန်မှာပင် သတင်းထောက်နှစ်ဦး ရောက်ရှိလာပြီးလျှင် သတင်းများရေးယူ၍ ထွက်သွားလေတော့၏။

သတင်းထောက်များ ထွက်သွားသောအခါ၌ ကိုအောင်မြင့်တို့၏ ကားသည် ဝင်လာလေ၏။ ကိုအောင်မြင့်သည် . . .

''ခြေရာလက်ရာ မပျက်စေနဲ့၊ ခြေရာလက်ရာ မပျက်စေနဲ့'' ဟု အော်၍ ဝင်လာလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''ခြေရာလဲမရှိ၊ လက်ရာလဲ မရှိဘူးဟေ့'' ဟု လှမ်း၍ ပြောလိုက်ရာ စုံထောက် ကိုတင်ဝင်းသည် အလောင်း၏ မျက်နှာတွင် အုပ်ထားသော ပဝါအနီစကို လှမ်းယူရင်း . . .

''ထောက်ကြန့်မှာ သတ်ခဲ့တဲ့ လူသတ်သမားပဲ၊ သတ်ပြီးတော့ ဒီပဝါကို အလောင်းရဲ့ မျက်နှာပေါ်မှာ အုပ်သွားပုံထောက်တော့ လူသတ်သမားဟာ ဒီအလောင်းကို သေသေချာချာ မကြည့်ရဲတဲ့သဘောပဲ'' ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

''မဟုတ်က ဟုတ်ကတွေ မပြောစမ်းပါနဲ့ ကိုတင်ဝင်းရယ်၊ ဒီပဝါအနီကလေး ရတာက ကြာပါပြီ၊ အလောင်းရဲ့ မျက်နှာပေါ်မှာ အုပ်ထားတာက လူသတ်သမား မဟုတ်ဘူး၊ ဆားပုလင်းနှင်းမောင် အုပ်လိုက်တာပါ၊ ယင်ကောင်တွေ ဘာတွေ နားတော့ မကောင်းဘူးပေါ့ဗျာ'' ဟု ပြောလိုက်လေ၏။ ထိုအခါ စုံထောက် ကိုတင်ဝင်းသည် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီးလျှင် . . .

''အဲဒါ စုံထောက် ကိုအောင်မြင့် ပြောတာ မှန်တာပေါ့ဗျ၊ ခြေရာလက်ရာ မပျက်ပါစေနဲ့ဆိုတာ၊ ခြေရာလက်ရာပျက်တော့ ကောက်ချက်တွေ လွဲကုန်တာပေါ့ဗျာ'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဦး

ကိုကိုကြီးက . . .

''ကဲပါ ကိုတင်ဝင်းရယ်၊ ဒီပဝါလေး ရနေတာ ကြာပါပြီတဲ့၊ အဲဒါက လွဲရင် ခြေရာလက်ရာ မပျက်ပါဘူး၊ ဒီတော့ ခင်ဗျားကောက်ချက် ပြော စမ်းပါဦး'' ဟု ပြောလိုက်စဥ်၌ပင် ကိုစိန်လှက . . .

''ဒေါ်လှလှဟာ စိန်နားကပ် ပန်ထားတယ်ဗျ၊ လူသတ်သမားဟာ အဲ ဒါကို ဖြုတ်ယူသွားလို့ ရပါလျက်နဲ့ ယူမသွားဘူးဗျ၊ ဒါကိုကြည့်ခြင်းအား ဖြင့် လူသတ်သမားဟာ ပစ္စည်းအတွက် သတ်တာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်ဗျာ'' ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

''တော်တယ်ဗျာ'' ဟု ပြောလိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်း မောင်သည် အနီးမှ ရာဇဝတ်အုပ်တစ်ဦးအား . . .

''ဟောဒီဆရာတွေ ကြည့်ပြီးရင် အလောင်းကို ဆေးရုံကြီးပို့လိုက်ပါ ဗျာ၊ ကျုပ်ကတော့ လုံလောက်ပါပြီ'' ဟု ဆိုကာ အလောင်းအနီးမှ ထွက်ခဲ့ လေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ဆားပုလင်းနှင်းမောင်နှင့်အတူ လိုက်ပါလာခဲ့လေ၏။

မော်တော်ကားကို ဆားပုလင်းနှင်းမောင်က မောင်းလေ၏။ ကျွန်ုပ် တို့သည် ဆားပုလင်းနှင်းမောင် နေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းသို့ ရောက်ရှိကြလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင် သည် ၎င်း၏တပည့် ကုလားကလေး ရာဂျူးအားခေါ်၍ လက်ဖက်ရည်မှာခိုင်းလေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း လက်ဖက်ရည် သောက်ကြလေ၏။ ဦးကိုကို ကြီးသည် လက်ဖက်ရည် သောက်ရင်း . . .

''ကိုနှင်းမောင် လျှို့ဝှက်အသင်းတစ်ခုခုက လိုက်ပြီး သတ်နေတာပဲ ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ပဝါနီမှာ ရွှေချည်နဲ့ထိုးပြီးထားတဲ့ စာတွေကို မသတ်ခင်မှာ ပို့လိုက်တယ်ဗျ၊ ဒါမျိုးဟာ လျှို့ဝှက်အသင်း တစ်ခုခုက

လုပ်တဲ့ ပုံစံမျိုးပဲဗျ'' ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

''ဘယ်လို လျှို့ဝှက်အသင်းမျိုးလဲဗျ၊ ဦးကိုကိုကြီးရဲ့'' ဟု မေးလိုက်လေ၏။

''ပသျှူးခေါင်းဖြတ်လို့ ဘာတို့ဆိုတဲ့ အသင်းမျိုးပေ့ါဗျာ'' ဟု ဦးကိုကိုကြီးက ပြန်ပြောလိုက် လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

''ဖရီးမေဆင်အသင်းဟာ ကျုပ်တို့ တိုင်းပြည်မှာ ပသျှူးခေါင်းဖြတ်အသင်းဆိုပြီး အတော်ကလေး နာမည်ပျက်နေတယ်ဗျ၊ အမှန်က ဘယ်သူ့ကိုမှလဲ ခေါင်းမဖြတ်ရပါဘူးဗျာ၊ အဲဒီအသင်းအကြောင်း ကျုပ်ကောင်းကောင်း သိပါတယ်၊ အမှန်က ရိုးရိုးမိတ်ဖြစ်ဆွေဖြစ် အသင်းတစ်မျိုးပါပဲ၊ ဒါပေမယ့် အဲဒီအသင်းသားတွေဟာ သူတို့ရဲ့ ရှေးအစဥ်အလာအတိုင်း အတော့်ကို လျှို့လျှို့ဝှက်ဝှက် နေထိုင်တတ်ကြတယ်၊ ဘယ်သူ့ကိုမှလဲ အန္တရာယ်မပေးပါဘူး၊ နှုတ်လုံဖို့ လျှို့ဝှက်ဖို့ ကိစ္စကတော့ သူတို့အသင်းရဲ့ အရေးကြီးတဲ့ စည်းမျဥ်းလို ဖြစ်နေတယ်၊ သူတို့ အသင်းရဲ့ အခမ်းအနားတွေ ကျင်းပပြီးတိုင်း ခေါင်းဆောင်လုပ်တဲ့သူက ဟောဒီစကားကို မပြောမနေရ ပြောလေ့ရှိတယ်...

"Brethern, nothing now remains, but, according to ancient custom, to lock up our secrets in a safe repository, uniting in the act of fidelity, fidelity, fidelity"

ညီအစ်ကို နောင်ရင်းများခင်ဗျား . . .

ယခုအခါမှာ ဘာတစ်ခုမှ မကျန်တော့ပါဘူး၊ ဒါပေမယ့်လို့ ရှေးအစဥ်အဆက် ထုံးတမ်းစဥ်လာအတိုင်း ကျွန်ုပ်တို့ရဲ့ လျှို့ဝှက်ချက်များကို လုံခြုံ

စိတ်ချရတဲ့နေရာမှာ သစ္စာရှိခြင်း၊ သစ္စာရှိ ခြင်း၊ သစ္စာရှိခြင်း ဆိုတဲ့ ဥပဒေနဲ့အညီ တပေါင်းတစည်းတည်း သိမ်းဆည်းထားကြပါစို့အဲဒီလို မှာကြားလေ့ရှိတယ်လေဗျာ၊ သိပ်ပြီးတော့လဲ လျှို့ဝှက်ကြတယ်၊ အဲဒီမှာ လူတွေက အထင်လွဲကုန် တော့တာပဲ'' ဟု ပြောလိုက်လေ၏။

''ဒီအသင်းက ဘယ်လိုစခဲ့တာတုန်းဗျ'' ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။

''အလွန်အသိပညာ ကြွယ်ပြီး အလွန် အင်မတန် သူရသတ္တိနဲ့ ပြည့်စုံတဲ့ ဆော်လမွန် ဘုရင်ကြီး စခဲ့တယ်လို့ ယူဆရမှာပဲ၊ ဒီအသင်းဟာ ရှေးအထက် ကျော်ကာရီက ကျောက်တုံးနဲ့ အဆောက်အုံဆောက်တဲ့ ပန်းရန်ဆရာတွေ အသင်းဗျ၊ ပန်းရန်ဆရာတွေဟာ သူတို့ ဆောက်နေတဲ့ အဆောက်အအုံကြီးတွေရဲ့ ဘေးမှာ သူတို့ဆောက်တဲ့ ပစ္စည်းကိရိယာတွေ ထားဖို့ တဲကြီးထိုးပြီး ထားလေ့ရှိတယ်၊ အဲဒီ တဲကြီးထဲမှာ သူတို့ဝင်ပြီး ထမင်းစားကြတယ်၊ အဲဒီ တဲကြီးထဲမှာပဲတယောက်တလဲ ပုံပြောချင်လဲ ပြောကြတယ်၊ ဒါပေမယ့် သူတို့က ကတိကဝတ်တော့ ရှိကြတယ်၊ အဲဒီ တဲကြီးထဲမှာပြောတဲ့ စကားကို အပြင်မှာ မပြောရဘူး၊ သိပ်ပြီး နှုတ်လုံရတယ်၊ အဲဒီ တဲကြီးကို သူတို့က လော့ (ဂျ်) လို့ခေါ်တယ်၊ ပြီးတော့ သူတို့ ပန်းရန်လုပ်ငန်းမှာ အသုံးပြုတဲ့ ကျင်တွယ်တို့ ချိန်သီးတို့၊ ပေတံတို့ကိုလဲ အရိုအသေ ပေးရတဲ့ ဓလေ့ထုံးစံရှိတယ်ဗျ၊ ပြီးတော့ လော့ (ဂျ်) မှာလဲ ခေါင်းဆောင်ဖို့ အကြီးအကဲတစ်ဦးကိုအများသဘောတူ ခန့်အပ်ထားကြတယ်၊ တယောက်ရဲ့ အခက်အခဲကို အများက ကူညီဖြေရှင်းပေးလေ့ရှိတယ်ဗျ၊ အဲဒီကနေ တဖြည်းဖြည်း ကြီးထွားသွား တဲ့ အသင်းကြီးပေါ့ဗျာ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

''အဲဒီ အသင်းကို ဘယ်လိုလူမျိုးတွေ ဝင်တာလဲဗျ'' ဟု ကျွန်ုပ်က မေးလိုက်လေ၏။


လူကတော့ မျိုးစုံပဲဗျ၊ ဘုရင်တွေ၊ အိမ်ရှေ့မင်းသားတွေ၊ စစ်ဗိုလ်တွေ၊ အနုပညာသမားတွေ၊ အင်ဂျင်နီယာတွေ စုံနေအောင်ပါတယ်ဗျ၊ ဟောဒီမှာ ဓာတ်ပုံတချို့ ကျုပ်စုထားတာ ကြည့်ပေတော့'' ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် ၎င်း၏ ဖိုင်တွဲအတွင်းမှ ပသျှူးခေါင်းဖြတ် အသင်းနှင့် ပတ်သက်သော ဓာတ်ပုံအချို့ကို ထုတ်ပြလေတော့၏။



ပသျှူး ခေါင်းဖြတ် (ခေါ်) ဖရီးမေဆင်အသင်း တစ်ခု၏ ခန်းမပုံ။



ပသျှူးခေါင်းဖြုတ် (ခေါ်) ဖရီးမေဆင်အသင်းဝင်
တစ်ဦး မျက်စိပိတ်ကာ စစ်ဆေးခံနေပုံ၊





ပသျှူးခေါင်း (ခေါ်) ဖရီးမေဆင် အသင်းသားများ
အသုံးပြုသော လျှို့ဝှက်စာရေးနည်း



ပသျှူးခေါင်းဖြတ် (ခေါ်) ဖရီးမေဆင် အသင်းဝင်ချင်း
လက်ဆွဲနှုတ်ဆက်၍ အသင်းဝင်ဖြစ်ကြောင်း
အချက်ပေးနေပုံ
(လက်ဆွဲနှုတ်ဆက်ယင်း လက်မဖြင့် အခြားလူ၏ လက်သီး
ထိပ်ဖုကလေးကို ထောက်ထားသည်ကို တွေ့ရ၏။)



ပရင့်(စ)အော့ဝေး မင်းသားကြီး နှင့် မြို့စားကြီး ကွန့်နော့ တို့အား
(၁၈၈၇) ခုနှစ်တွင် အသင်းဝင် အဆောင်အယောင်
ခါးစည်းများဖြင့် တွေ့နေပုံ



ပထမကမ္ဘာစစ်အတွင်း ဂျာမနီနှင့် ဘယ်လ်ဂျီယံ အသင်းဝင်များ
ပူးတွဲ၍ ဖွင့်လှစ်သော စစ်မြေပြင်အသင်းစုဝေးရာ
ခန်းမ၌ အသင်းဝင်များကို တွေ့ရပုံ

[မှတ်ချက်။

''ပသျှူးခေါင်းဖြတ် . . . ပသျှူးခေါင်းပြတ်''ဟု ခေါ်ဝေါ် သုံးနှုန်းရခြင်းမှာ အများသိပြီး ဝေါဟာရကို သုံးစွဲရခြင်းဖြစ်ပါသည်။ အမှန်စင်စစ် ဖရီးမေဆင်များသည် ပသျှူးခေါင်းဖြတ်များ မဟုတ်ကြချေ။ ထို့အတူ ပသျှူးများလည်း မဟုတ်ကြပါ။

အထူးသိစေလိုသည်မှာ ထိုအသင်းသည် ရှုတ်ချဖွယ်ရာအသင်း မဟုတ်ပါ။ အနိုင်နိုင်ငံရှိ လူကြီးလူကောင်းများကိုယ်တိုင်က အလေးပြုရသော မွန်မြတ်သည့် 'မိတ်ဆွေဖြစ်အသင်းဖြစ်ပါ သည်။ နိုင်ငံအသီးသီးတွင် လိုအပ်သော အလှူဒါနကြီးများကို ထိုအသင်းမှ ပြုလုပ်ပါသည်။ ငွေကုန်ကြေးကျခံ၍ လူမှုရေးဆိုင်ရာ အဆောက်အအုံများကိုသိန်းသန်းကုဋေ အကုန်ခံ၍ လှူဒါန်းလျက်ရှိကြောင်း သိစေအပ်ပါသည်။'

**စာရေးသူ]**

ဆားပုလင်းနှင်းမောင်သည် အထက်ပါအတိုင်း ဓာတ်ပုံများကို ပြပြီးနောက် . . .

''အဲဒီလို လူယဉ်ကျေးတွေစုပြီး ဖွဲ့စည်းထားတဲ့အသင်းက ဘယ်လိုလုပ်ပြီး လူသတ်မှာလဲဗျ''ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''သူတို့က ဘာဖြစ်လို့ လျှို့ဝှက်ကြတာလဲဗျ၊ အဲဒီလို လျှို့ဝှက်တော့ ကျုပ်တို့က အထင်လွဲတာပေါ့''ဟု ပြောလိုက်လေ၏။

''မဟုတ်ဘူးလေ ဦးကိုကိုကြီးရ၊ အသင်းအပင်းဆိုတာ တူညီတဲ့လူတွေ စုပေါင်းကြတာ မဟုတ်လားဗျာ၊ အဲဒီတော့ ကိုယ့်အသင်းမှာ ကိုယ်ကြိုက်တဲ့စည်းကမ်းရေးဆွဲနိုင်ခွင့်ရှိတာပေါ့ဗျ၊ အချို့အသင်းက အစည်းအဝေး မစခင်မှာ ငါးပါးသီလခံပြီးမှ အစည်းအဝေးစတဲ့အသင်းမျိုး ခင်ဗျား ကြားဖူးမှာပေါ့၊ အချို့အသင်းကျတော့ အရက်ကလေး ဘာလေးသောက်ပြီးမှ စတာမျိုးလဲ ရှိတယ်ဗျ၊ အချို့အသင်းက 'နမောတဿ'နဲ့ ဆိုပြီး ဖွင့်တယ်ဗျာ၊ အချို့အသင်းကတော့ သူတို့ရဲ့ အသင်းတံဆိပ်ကို အရိုအသေပေးပြီးမှ အစည်းအဝေးစကြတယ်၊ ကိုယ်ကြိုက်သလို စီမံကြတာပါပဲဗျာ၊ အဲဒီတော့ ဖရီးမေဆင်ခေါ်တဲ့ အသင်းဟာလဲ လျှို့ဝှက်နှုတ်လုံခြင်းဟာ သူတို့အသင်းရဲ့ ကျောရိုးအဖြစ်သတ်မှတ်ကြာတာကို ကျုပ်တို့အပြင် လူတွေက မကျေနပ်စရာမရှိပါဘူးဗျာ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်ရော ဦးကိုကိုကြီးပါ အထင်လွဲမှားနေသော ပသျှူးခေါင်းဖြတ်အသင်းအကြောင်းကို နားလည်ခွင့်ရလေတော့၏။ ထိုအခါ ဦးကိုကိုကြီးက . . .

''ဒါနဲ့ နေစမ်းပါဦး ကိုနှင်းမောင်ရယ်၊ အမှုအခြေအနေလေး ဘာလေး ပြောစမ်းပါဦး'' ဟု မေးလိုက်လေ၏။

''ခက်တယ်ဗျ၊ ခြိမ်းခြောက်စာရထားတဲ့လူက ပုလိပ်ဘက်ကို အကူအညီတောင်းရင် အကောင်းဆုံးပေါ့ဗျာ၊ အဲဒီလို အကူအညီမတောင်းတော့ အခက်အခဲ ရှိနေတာပေါ့၊ ဒါပေမယ့် ဒီတရားခံကို မကြာခင်မှာပဲ လက်ထိပ်ခတ်နိုင်ပါဗျာ'' ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက် လေ၏။

''မြန်မြန် ခတ်မှပဲဗျို့၊ ခင်ဗျား မြန်မြန်မခတ်တာနဲ့ပဲ မစ္စတာ ကရစ်ပင်က ကျုပ်တို့ကို ခြေထောက်နဲ့ ခတ်ပစ်တော့မယ်'' ဟု ဦးကိုကိုကြီး

ညည်းညူ လိုက်လေတော့၏။

*